မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့၊ ၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၃ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၃၁၂)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်၏တိုးတက်မှုများသည် ပူးပေါင်းဆောင်ရွက်မှုကြောင့်ဖြစ် ဒေသတစ်ခုလုံး တိုးတက်မှသာ တိုင်းပြည်ပိုမိုတိုးတက်လာမည် မိမိဒေသ ဖွံ့ဖြိုးရေး နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

တနင်္သာရီတိုင်း မြိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မြိတ်မြို့ရှိ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် မြိတ်တပ်နယ်တို့မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်၌ ဆက်လက်တည်ရှိ

နေပြည်တော် ဩဂုတ် ၁၂

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၇၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ လေးစင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာထားသည်။ (သတင်းစဉ်)

မိုးရွာစွေ

(၁၂–၈–၂၀၀၇)

ပူတာအို	၆ ဒသမ ၄၁လက်မ
သံတွဲ	၃ ဒသမ ၇၄လက်မ
ကျောက်တော်	၂ ဒသမ ၉၅လက်မ
မော်လမြိုင်	၁ ဒသမ ၈၉ လက်မ
သထုံ	၁ ဒသမ ၈၁လက်မ

မိုးလေဝသအခြေအနေ ၁၃–၈–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

တိုက်ကြီးဝန်းကျင် ရေကာတာ၊ တမံများ စိုးရိမ်ရေမှတ်နှင့် နီးကပ်နေ ပုသိမ်ရပ်ကွက်အချို့မှ အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်း၌ နေရာချထား လူသုံးပစ္စည်းနှင့်ဆေးဝါး ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ တဘူးလှဆည်၊ အဖျောက်ရေကာတာ၊ တော်ခရမ်းရေကာတာ၊ သရက်ချောင်းရေကာတာနှင့် ခုနစ်ကြိုက်ရေကာတာတို့၌ ဩဂုတ် ၁၁ ရက်တွင် ရေအနည်းငယ်စီ ကျဆင်းသွားခဲ့သော်လည်း စိုးရိမ်ရေမှတ်ဝန်းကျင်၌ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း၊ ဧရာဝတီမြစ်နှင့် လှိုင်မြစ်ရေ တိုးမှုကြောင့် ဩဂုတ် ၉ ရက်တွင် ဖိုးခေါင်ဒေသ ကျောင်းကုန်းကျေးရွာမှ အိမ်ခြေ ၃၀၊ ဥက္ကံ၊ ဂေါ့ကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ အိမ်ခြေ ၄၄ လုံး၊ လက်ပံ့တိုးကျေးရွာမှ အိမ်ခြေငါးလုံးတို့အား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နေရာချထားပေးခဲ့ရကြောင်း သိရသည်။

ကူညီထောက်ပံ့

ဧရာဝတီတိုင်း ပုသိမ်မြို့၌ မြစ်ရေကြီးမှုကြောင့် ဩဂုတ် ၁၁ ရက်တွင် မြို့ပေါ်ရပ်ကွက်အချို့တို့မှ ရေဘေးသင့်အိမ်ထောင်စုများအား ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ နေရာချထားပေးလျက်ရှိရာ အိမ်ထောင်စု ၁၅၅ စုတို့မှ လူဦးရေ ၆၀၀ ကျော်တို့အား နေရာချထားပေးခဲ့ကြောင်းနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ထမင်းထုပ်များနှင့် ဆေးဝါးများကူညီထောက်ပံ့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဩဂုတ် ၁၃ ရက်)

ခေတ်မီနိုင်ငံတော်သစ်ကြီး ကြိုးပမ်းတည်ဆောက် အိုင်တီနည်းပညာများ အကျိုးရှိစွာအသုံးချ

နိုင်ငံတော်အစိုးရက အိုင်တီနည်းပညာများ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် မြန်မာအင်ဖိုတက်များကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ ထူထောင်ထားရှိသည်။

နိုင်ငံဖွံ့ဖြိုးလာသည်နှင့်အမျှ ပြည်သူများ၏ လူမှုဘဝပါ လိုက်ဖက်ညီစွာ တိုးတက်လာစေရန်အတွက် တယ်လီဖုန်းဆက်သွယ်မှုသာမက အီးမေးလ်၊ အင်တာနက်စသည့် သတင်းအချက်အလက်များ စီးဆင်းသုံးစွဲနိုင်မည့် အခြေခံအဆောက်အအုံများကိုလည်း တည်ဆောက်ပေးလျက်ရှိသည်။

ထို့အပြင် တစ်နေရာမှတစ်နေရာ ဆက်သွယ်ပြောဆိုမှု အဆင်ပြေစေရန် နိုင်ငံနှင့်အဝန်း အော်တိုတယ်လီဖုန်းငါးသိန်းကျော်နှင့် မိုဘိုင်းလ်ဖုန်း ငါးသိန်းနီးပါး စုစုပေါင်းလိုင်းအင်အား တစ်သန်းကျော် တပ်ဆင်ပေးထားပြီး ဖြစ်သည်။

မကြာမီက ကျောင်းသူကျောင်းသား၊ လူငယ်လူရွယ်များအား ဗဟုသုတနှင့် သတင်းအချက်အလက်များ ရရှိစေမည့် အွန်လိုင်းစာကြည့်တိုက်စနစ်ကိုလည်း လွှင့်တင်ထားခဲ့သည်။

ယနေ့ လူငယ်လူရွယ်များသည် တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ အိုင်တီနည်းပညာများ မျက်ခြည်မပြတ်လေ့လာသင်ယူမှသာ နည်းပညာခေတ်ကို အမီလိုက်နိုင်မည်ဖြစ်သည်။ ယခုအခါ မြန်နှုန်းမြင့် အင်တာနက်များသည် ကမ္ဘာ့အရပ်ရပ်မှ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ အားကစား အစရှိသည့်သတင်းများ ဖမ်းယူကြည့်ရှုနိုင်ခြင်းကြောင့် အသုံးပြုမှု ပိုမိုများပြားလာလျက် ရှိသည်။

သို့ရာတွင် အင်တာနက်ကွန်ရက်သည် လူငယ်လူရွယ်များအား ဗဟုသုတတိုးပွားစေနိုင်သကဲ့သို့ ဆိုးကျိုးများလည်း ရရှိနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ အချို့သော မီဒီယာများသည် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို အခွင့်ကောင်းယူ၍ နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်လာကြသည်ကိုလည်း တွေ့ရှိရသည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များအနေဖြင့် အိုင်တီနည်းပညာများကို မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အကျိုးရှိစွာ သုံးစွဲလျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးပေါ်ထွန်းရေး ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီ ရုပ်မြင်သံကြား

၁၃-၈-၂၀၀၇
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၂၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ မိုးလေဝသ သတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ မေးမြန်းစုံစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၂၄)

ရည်မှန်းချက်များအောင်မြင်ရေး အလေးအနက်ထားကြိုးပမ်း လုပ်ငန်းတာဝန်များကို ရိုးဖြောင့်မှန်ကန်စွာ ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ယခုဘဏ္ဍာရေးနှစ်အတွင်း ရည်မှန်းချက်များအောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများနှင့် ပြည်နယ်/တိုင်း၊ အခွန်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

အလေးထား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ဦးစီးဌာနနှင့် လုပ်ငန်းများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ကြရာတွင် အဓိက အရေးပါသည့် ဌာနများဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်ကြရန် လိုအပ်ကြောင်း၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ သစ္စာရှိရှိ ဆောင်ရွက်ကြရန်လိုကြောင်း၊ ဌာနတာဝန်ခံ၊ ဒေသတာဝန်ခံများ အနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်သည်ဟူသော အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက်၊ ဒေသအလိုက် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေးအလေးထား ဆောင်ရွက်ကြရန်အထူးမှာကြားလိုကြောင်းဖြင့် ပြောကြားသွားသည်။

ပြန်လည်ဆွေးနွေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက ဌာနဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက သုံးသပ်ချက်များဖြင့် ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ရည်မှန်းချက်

ထို့နောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များကို သိရှိနားလည်ပြီး ရည်မှန်းချက်အောင်မြင်စေရေးအတွက် နိုင်ငံ့သားကောင်းပီသစွာ၊ ဝန်ထမ်းကောင်း ပီသစွာဖြင့် အလေးအနက်ထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုတိုင်း ထိရောက်ထက်မြက်စေရန် ဌာနတွင်းသာမက အခြားဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် ဈေးကြီး လမ်း အမှတ် ၇၈ နေ ဒေါ်တင်တင်မြင့် (မွေးနေ့) အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၃-၈-၂၀၀၇
(တနင်္လာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ သီလ၏တန်ဖိုး တရားတော် (ဆရာတော်အရှင်ခေမိန္ဒ)
၇:၄၅ ဉာဏ်ရည်မြင့်မား မျိုးဆက်သစ်လူငယ်များ
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၅ ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၉:၂၀ ပြည်တွင်းသတင်းအကျဉ်း
၉:၃၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ပြည်တွင်းအခွန်များဦးစီးဌာန အကြောင်း သိကောင်းစရာ (အောင်ဘာလေသိန်းဆုခွန်)
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ နိုင်ငံတကာ သတင်းအကျဉ်း
၁၀:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း) (ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်တို့နှင့်ပတ်သက်သော ကျန်းမာရေးအမေးအဖြေများ)
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်
၁၁:၀၀ မိုးလေဝသခန့်မှန်းချက်
၁၁:၀၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာ ပဥ္စမံဒီရိုင်းနှင့် တွေ့ဆုံခြင်း)
၁၁:၂၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ မျက်စိအတွင်းတိမ် ရေတိမ်ရောဂါ အကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၁၂:၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
၁၂:၃၀ တေးဂီတအစီအစဉ်
၁၂:၃၅ ကြယ်ပွင့်များနှင့် စကားလက်ဆုံ (ညီသစ်ထူးနှင့်တွေ့ဆုံခြင်း)
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီ မှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီ မှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့က ကြီးမှူး ဖွင့်လှစ်သော ရေချိုပုစွန်မွေးမြူရေး အခြေခံသင်တန်း အမှတ်စဉ်(၅) သင်တန်း ဆင်းပွဲကို ယနေ့မွန်းလွဲ၂နာရီက အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာ နိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှမောင်ရွှေနှင့် သင်တန်းမှူး ဦးမြင့်စိုး တို့က သင်တန်းများဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်း ပြောကြားကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက သင်တန်းဆင်း လက်မှတ်များပေးအပ်ချီးမြှင့်ပြီး မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိ သူများက သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ မွေးမြူရေးလုပ်ငန်းများမှ သင်တန်းသား ၆၃ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ရှေ့ဖုံးမှ**

ရှေးဦးစွာ တိုင်းအေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသန်းဝင်းက တနင်္သာရီတိုင်း၏ နိုင်ငံ ရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေး အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ခင်ဇော်ဦးက ဒေသဝမ်းစာ ဖူလုံမှုနှင့် စိုက်ပျိုးရေးကိစ္စရပ်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ ရခြင်းသည် ယခင်နှစ်က ဆောင်ရွက်ခဲ့ သည့် လုပ်ငန်းများကို ပြန်လည်သုံးသပ် ရန်နှင့် ယခု ၂၀၀၇–၂၀၀၈ခုနှစ်အတွင်း ဆောင်ရွက်မှု၏ အားနည်းချက်၊ အား သာချက်များကို လေ့လာသုံးသပ်ကြ ရန်လိုကြောင်း ယခုကျင်းပသည့် လုပ် ငန်းညှိနှိုင်း အစည်းအဝေးသို့ မိမိ တက်ရောက်ခြင်းသည် တနင်္သာရီတိုင်း အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ လိုအပ်ချက်များ ရှိပါက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ယနေ့နိုင်ငံတော်၏ တိုးတက်မှု များသည် နိုင်ငံတော်အကြီးအကဲ၏ မှန်ကန်သော ဦးဆောင်လမ်းညွှန်မှု၊ တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများ နှင့် ပြည်သူများ၏ပူးပေါင်းဆောင်ရွက် မှုတို့ကြောင့်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် တနင်္သာရီတိုင်း၏ အောင် ချက်ရာခိုင်နှုန်း အလွန်ကောင်းမွန်သော အနေအထားတွင်ရှိကြောင်း၊ ပို၍ပို၍ ဆက်လက် အောင်မြင်အောင် တာဝန် ရှိသူ အဆင့်ဆင့်နှင့် တိုင်းအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းများ မှ ဆရာ ဆရာမများ၊ မိဘဆရာ အသင်း၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များက မိဘများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း။

မျိုးချစ်စိတ်ဓာတ်

နိုင်ငံ့ဝန်ထမ်းများက မိမိတို့ တာဝန်ကျရာဒေသရှိ ဒေသခံပြည်သူ များအား မိမိတို့ သိရှိနားလည်ထား သည့် ပညာရပ်များကို မျှဝေပေးမှသာ ဒေသတိုးတက်မှုရှိမည် ဖြစ်ကြောင်း၊ ဒေသ တစ်ခုလုံး တိုးတက်မှသာ တိုင်းပြည်လည်း ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှု အားကောင်းပါက ဒေသတစ်ခုလုံး လျင်လျင်မြန်မြန် တိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ ကြောင့် မိမိတို့ဒေသ တိုးတက်ဖွံ့ဖြိုးရေး အတွက် ဒေသခံပြည်သူများနှင့်အတူ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့် အဝဖြင့် ဆောင်ရွက်သွားကြစေလို ကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါင်းတည်မြို့နယ်၌ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် အသိပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၁ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြော ပွဲနှင့် စကားဝိုင်း ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူးဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ ပဲခူးတိုင်း (အနောက် ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်နှင့်အဖွဲ့ဝင်များ၊ပေါင်းတည် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်း၊ အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်အုန်းမြင့်နှင့် အဖွဲ့ဝင် များ၊ ပေါင်းတည်မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအသီးသီးတို့မှ အမျိုးသမီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။ **(အပေါ်ပုံ)**

ဟောပြော

ထို့နောက် ပဲခူးတိုင်း(အနောက် ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင် ခင်ပြုံးက အမျိုးသမီးများအားလူမှောင်ခို ကုန်ကူးခြင်းမှ တားဆီးကာကွယ်ရေး အကြောင်း ပညာပေး ဆွေးနွေးဟော ပြောသည်။

ထို့နောက် တက်ရောက်လာကြသူ များက စကားဝိုင်းများဖွဲ့၍ ဌာနကြီး မှူး၏ အသိပညာပေးဆွေးနွေးချက်များ ကို စုပေါင်းဆွေးနွေး ဆန်းစစ်ကြသည်။

ဝတ်စုံ

ဟောပြောပွဲအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ပေါင်းတည်မြို့ နယ် အမျိုးသမီးရေးရာအဖွဲ့သို့ အမျိုး သမီးရေးရာဝတ်စုံများ ပေးအပ်လှူဒါန်း ရာ အဖွဲ့အတွင်းရေးမှူး ဒေါက်တာ ဒေါ်ခင်အုန်းမြင့်က လက်ခံသည်။

လှူဒါန်း

ထို့နောက် ပဲခူးတိုင်း(အနောက် ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီး ရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကို ပေါင်းတည်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေဝင်းက ပေးအပ်ရာ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သိန်းပိုင်က လက်ခံပြီး ဒေါ်သိန်း ပိုင်က မျက်စိခွဲစိတ်လူနာများအတွက် အလှူငွေကျပ်တစ်သိန်းကို ပေါင်းတည် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ စည်းရုံး ရေးမှူး ဒေါက်တာဒေါ်နုနုရီထံ ပေးအပ် လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

နှစ်ဖက်သော မိဘ များအား အမှူး ထား၍ အမှတ် (၆၈/ ၇၀) တောလမ်း ဘောဂရပ်ကွက် ကြည့် မြင် တိုင် မြို့ နယ် နေ ဦးဝင်း – ဒေါ် သိန်း (ဝင်း မေတ္တာ ပွဲရုံလုပ် ငန်း) မိသားစုက ဒုတိယအကြိမ် မြောက် ရွှေတိဂုံ စေတီတော်မြတ်ကြီးအား ရွှေစင်ရွှေသားသုံးကျပ်သား (ငွေကျပ် ၁၂၆၂၀၀၀တန်ဖိုး)ကို ဇူလိုင် ၂၉ရက်က ပန်းတဉ်းတန်း အရဏ်တော်ဝတ်အသင်းဥက္ကဋ္ဌ ဦးတင်ရွှေထံ လှူဒါန်းစဉ်။ (က–ပ)

တက္ကသိုလ်အားကစားသမားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၂

တက္ကသိုလ်အားကစားဆရာဟောင်းများအား တက္ကသိုလ်အားကစား သမားဟောင်းများက အာစရိယပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အကြိုတွေ့ဆုံ ညှိနှိုင်းပွဲနှင့် ရှင်းလင်းပွဲကို ယနေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ တာမွေ မြို့နယ် ကျိုက္ကဆံကွင်း အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

ရှေးဦးစွာ တက္ကသိုလ်အားကစားသမားဟောင်း ဦးမောင်မောင်က အာစရိယပူဇော်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက်ရောက် လာကြသော တက္ကသိုလ်အားကစားသမားဟောင်းများက အကြံပြုဆွေးနွေး ကြသည်။ ထို့နောက် စာနယ်ဇင်းများမှတာဝန်ရှိသူများက သိလိုသည့်အချက် များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကျင်းပမည်

တက္ကသိုလ်အားကစားသမားဟောင်းများ၏ အာစရိယပူဇော်ပွဲကို **ဩဂုတ် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီ**တွင် ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များခမ်းမာရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ကန်တော့ခံဆရာများအဖြစ် ဆရာဦးငြိမ်း (တက္ကသိုလ်များ အားကစားအရာရှိ၊ အငြိမ်းစား)၊ ဆရာဦးဘတုတ် (မန္တလေး တက္ကသိုလ်ပါမောက္ခချုပ်၊ အငြိမ်းစား)၊ ဒေါက်တာခင်မောင်ဝင်း (ပညာရေး ဝန်ကြီးဌာန ဝန်ကြီး၊ အငြိမ်းစား)နှင့် ဒေါက်တာမောင်ဒီ(ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အငြိမ်းစား)တို့ ပါဝင်ကြကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဘင်္ဂလားဒေ့ရှ်၌ မုန်တိုင်းမိ၍ ငါးဖမ်းသမားဘ၄ဦးပျောက်ဆုံး

ဒါကာ ဩဂုတ် ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပင်လယ်ပြင်တွင် ဩဂုတ်၁၂ရက်က မုန်တိုင်းမိ၍ ငါးဖမ်းစက်လှေတစ်စင်း နစ်မြုပ်မှု ကြောင့် ငါးဖမ်းသမား၁၄ဦး ပျောက်ဆုံးနေကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကယ်တင်နိုင်ခဲ့

မြို့တော်ဒါကာ၏ အရှေ့တောင်ဘက် ကီလိုမီတာ၄၀၀အကွာ ကို့ဇ်စ်ဘာဇာဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သုံးဦးကို ကယ်တင်နိုင်ခဲ့သော်လည်း ရာသီဥတုဆိုးရွားမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဘဂ္ဂဒက်၌ လမ်းဘေးဗုံးပေါက်ကွဲ၊ ကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း၌ ဩဂုတ် ၁၂ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်ငါးဦး သေဆုံးကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တိုက်ခိုက်ခံရ

အခင်းဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ ပုံမှန်စစ်ဆင်ရေးဆောင်ရွက်စဉ် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်မှုနှင့် လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

ထွန်းလင်းတောက်ပ ငြိမ်းချမ်းအေးမြ နယ်စပ်ဒေသ

မြင့်စိုး (နတလ)

(၁)

၂၀၀၇ခုနှစ် ဇွန်လ ၃၀ရက်နေ့။

ထိုနေ့ နံနက် ၈နာရီမထိုးမီ အချိန်ကပင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကျောင်းဝင်းအတွင်းသို့ ကျွန်တော်ရောက်နှင့်နေခဲ့သည်။ မိုးလေကင်းစင်၍ ကြည်လင်သော ရာသီဥတုအောက်ဝယ် ဒီဂရီကောလိပ် ပင်မဆောင်ကြီးက တည်တည်ငြိမ်ငြိမ်နှင့် ဣန္ဒြေရလှ၏။ ဘွဲ့နှင်းသဘင် ခန်းမဆောင်သစ်ကြီးကိုလည်း ခံ့ခံ့ထည်ထည် တွေ့မြင်ရသည်။ ကျောင်းဝင်းတစ်ခုလုံး နေရာအနှံ့ စိုက်ထူထားသော ရောင်စုံအလံငယ်များက တဖျပ်ဖျပ် လူးလွန့်လျက်။ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းဟု အမည်ပေးထားသည့် အိပ်ဆောင်များဆီမှ တူညီဝတ်စုံဝတ် ကျောင်းသားကလေးများသည် လန်းဆန်းတက်ကြွသော ခြေလှမ်းအစုံတို့ဖြင့် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးရှိရာသို့ ဦးတည်လျက်။ ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီးအတွင်း၌လည်း သင်တန်းဆင်းကျောင်းသားများ၏ မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းတို့ ဆင်မြန်းထားသော တိုင်းရင်းသားဝတ်စုံများဖြင့် ပြိုးပြိုးပြက်ပြက် သစ်လွင်တောက်ပလျက်။

သူတို့လေးတွေကိုကြည့်ပြီး လွန်ခဲ့သော၂၆နှစ်ခန့်က မိမိတို့စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းဆင်းခဲ့သည်ကို အမှတ်ရမိသေးတော့။ သင်တန်းအမျိုးအစား၊ သင်တန်းကာလ၊ ရာသီဥတု၊ အချိန်နှင့်နေရာ မတူညီကြသော်ငြား ခြွင်းချက်မရှိ တူညီသောအရာတစ်ခုမှာ ကျွန်တော်တို့အားလုံးသည် နိုင်ငံတော်မှ ကျွေးသော ထမင်းကိုစား၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ ကျေးဇူးသစ္စာကို ထာဝစဉ် စောင့်သိရိသေရမည့်သူများ ဖြစ်နေကြခြင်းပင်တည်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ နယ်စပ်ဒေသများ၌ လိုအပ်နေသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေး၊ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မည့် အဆင့်မြင့်ပညာတတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေရေးစသည့် ရည်မှန်းချက်များဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် (မန္တလေး)တို့ကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းနေ့ နံနက် ၉ နာရီတွင် ကျင်းပခဲ့သော ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)၏ သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။

(၂)

တစ်ချိန်က နယ်စပ်ဒေသများသည် ပထဝီအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည်။ ခေတ်အဆက်ဆက် အစိုးရများ အနေဖြင့်လည်း နယ်စပ်ဒေသများ၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေခံများကို ခိုင်ခိုင်မာမာ တည်ဆောက်ပေးနိုင်ခြင်း မရှိခဲ့ပေ။ နှစ်ပေါင်း ၄၀ကျော် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုကြောင့်ရှိပြီး အခြေခံအဆောက်အအုံများပင် ပျက်စီးယိုယွင်းခဲ့ရသည်။ ဖွံ့ဖြိုးတိုးတက်မှု မညီမျှခြင်း၏နောက်ဝယ် ဆင်းရဲ၊ ချမ်းသာ ကွာဟမှုက တစ်စတစ်စ ကြီးမားကျယ်ပြန့်လာခဲ့သည်။ ထိုထိုသော အကြောင်းတရားများ၏ အကျိုးဆက်မှာ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအကြား သံသယစိတ်များ ပို၍ပို၍ ကြီးထွားလာခြင်းပင်တည်း။ တပ်မတော်အစိုးရ လက်ထက်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက်ခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ရင်း တစ်ဖက်ကလည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတော်အဆင့်ဖြင့် ဦးစီးဦးဆောင်ပြုလျက် ၁၉၈၉ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။

ဤစီမံကိန်းကြောင့် တိုင်းရင်းသားသွေးချင်းများအနေဖြင့် နိုင်ငံတော်အစိုးရအပေါ် ပိုမိုယုံကြည်ကိုးစားလာခဲ့ကြသည်။ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များ ပိုမိုဖြစ်ထွန်းအောင်မြင်ခဲ့သည်။ နယ်စပ်ဒေသများသည်လည်း ရှေးကနှင့်မတူ တစ်စတစ်စ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြသည်။ နှစ်ပေါင်း ၄၀ခန့် တိတ်ဆိတ်ပျောက်ကွယ်ခဲ့သော စာအံသံလေးများကို ရွာတိုင်း၊ ရွာတိုင်း ဝေဝေစည်စည် ကြားကြရပြီဖြစ်သည်။ ဘိန်းကို ၉၆ ပါးရောဂါ ပျောက်ဆေးသဖွယ် အသုံးပြုမှုများ၊ ဆေးမြီးတိုကုထုံးများ၊ နတ်ကိုးစုန်းယိုး အယူအဆများ တစ်စတစ်စ ပျောက်ကွယ်၍ ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျ ခံယူလာတတ်ကြသည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး လူမှုစီးပွား မြင့်မားလာသည်နှင့်အမျှ ယခင်နယ်စပ်ဒေသ ကျေးရွာငယ်လေးများသည် မြို့ကြီး၊ မြို့ငယ်များအသွင်သို့ အံ့မခန်း ကူးပြောင်းလာခဲ့ကြသည်။ ပမာဆိုရသော် ပန်ဆန်း၊ မိုင်းလား၊ ပန်ဝါ၊ မိုင်းမော၊ နမ့်တစ်၊ ဝိန်းကောင်၊ ပန်ဝိုင်၊ ကောင်းခါး စသည် .... စသည်ဖြင့်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၏ အောင်မြင်ဖြစ်ထွန်းမှုများနှင့် ပတ်သက်၍ ၂၀၀၇ခုနှစ် မတ်လ ၂၈ရက်နေ့ နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၇)၌ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အောက်ပါအတိုင်း လမ်းညွှန်မိန့်ကြားခဲ့သည်။

“နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးအကြား ဆူကြုံနိမ့်မြင့် ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ခုလုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အောင်မြင်မှုရရှိလာကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးသည် အတိုင်းအတာ တစ်ရပ်အထိ အခြေခိုင်မာလာလျက်ရှိကြောင်း”

“ယနေ့နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း အခိုင်အမာချမှတ်ထားပြီးဖြစ်ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း”

ကျွန်တော်တို့ ဗိုလ်လောင်းသင်တန်းဆင်းခဲ့စဉ်က စိတ်အလှုပ်ရှားဆုံးအချိန်ကို ပြောပါဆိုလျှင် ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာပေးအပ်ခြင်း အခမ်းအနားကျင်းပချိန် ဖြစ်ပါသည်။ မိမိ ဘယ်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ရမည်ကို သိလိုလှသော်ငြား လက်ဝယ်ရောက်ရှိနေသော စာအိတ်ကိုမဖောက်ရဲ။ အခမ်းအနားပြီးဆုံးသည်အထိ အောင့်အည်းသည်းခံနေကြရ၏။ ပြီးမှစာအိတ်တွေဖောက် ကိုယ်တာဝန်ကျရာ တိုင်း၊ တပ်မ၊ ခြေလျင်၊ ခြေမြန်တပ်ရင်းအမည်တွေ အော်ဟစ်မေးမြန်း ဖြေကြားကြရင်း ပျော်ခဲ့ကြရသည်ကို သတိရမိ၏။ ယခု သူတို့လေးတွေသည်လည်း ထိုနည်းနှင်နှင်ပင်။ သင်တန်းပြီးဆုံးသောအခါ အချို့က မဟာတန်းတက်ရန်၊ B.Techတက်ရန် အဆင့်မီ၍ ဆက်လက် တက်ရောက်သင်ယူဆည်းပူးကြမည်။

ကျန်သင်တန်းဆင်းကျောင်းသားများက မိမိတို့ဒေသဖွံ့ဖြိုးရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနအသီးသီးသို့ ရောက်ရှိကြမည်ဖြစ်သည်။ ၎င်းတို့သွားရောက် တာဝန်ထမ်းဆောင်ကြရမည့် ဝန်ကြီးဌာနအမည်များကို ကြေညာပေးချိန်၌ အားလုံးလန်းဆန်းတက်ကြွ ပြုံးပျော်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။

သင်တန်းဆင်းကျောင်းသားများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က တွေ့ဆုံမှာကြားရာတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) နှင့် (မန္တလေး) ကျောင်းနှစ်ကျောင်းအပေါ် နိုင်ငံတော်ကထားရှိသည့် မျှော်မှန်းချက်များ၊ ယင်းမျှော်မှန်းချက်များအတိုင်း ပေါက်မြောက်အောင်မြင်ရေးအတွက် ကျောင်းအသီးသီးက တာဝန်ယူအကောင်အထည်ဖော် စီမံဆောင်ရွက်ပေးမှုအခြေအနေများ၊ အထူးသဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် သင်ကြားပို့ချပေးမှုများ၊ လုပ်ငန်းခွင်သို့ လက်တွေ့ဝင်ရောက် တာဝန်ထမ်းဆောင်ကြရသောအခါ ခေါင်းဆောင်ငယ်များအဖြစ် ကိုယ်တိုင်ဦးဆောင်ဦးရွက်ပြုလျက် မှန်ကန်သော ခေါင်းဆောင်မှုပေးရေး၊ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာကြရေး တိုက်တွန်းမှာကြားခဲ့သည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)မှ ဝိဇ္ဇာနှင့်သိပ္ပံဘွဲ့ရ ၇၁ ဦး၊ အေဂျီတီအိုင် ဒီပလိုမာရရှိသူ ၁၈ ဦး၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)မှ ဝိဇ္ဇာနှင့် သိပ္ပံဘွဲ့ရသူ ၁၀၂ ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ရရှိသူ ၁၈ ဦး စုစုပေါင်း သင်တန်းဆင်းကျောင်းသား ၂၀၉ ဦး မွေးထုတ်ပေးနိုင်ခဲ့သည်။ ဒေသစုံသကဲ့သို့ လူမျိုးစုံသည်။ လေ့လာမိသလောက် တင်ပြရလျှင် ကချင်၊ ကယား၊ ကယန်း၊ ကရင်၊ ချင်း၊ ခမီ၊ ဂေဘား၊ တောင်သာ၊ ဒိုင်းနက်၊ ဓနု၊ နာဂ၊ ပလောင်၊ ပဒေါင်၊ ပအိုဝ်း၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရဝမ်၊ လားဟူ၊ ‘ဝ’၊ သက်၊ အာခါ၊ အင်းသား စသော တိုင်းရင်းသားလူမျိုးများ ပါဝင်ကြသည်။ ယင်းတိုင်းရင်းသားကလေးများ မွေးဖွားကြီးပြင်းခဲ့ရာ နယ်စပ်ဒေသများသည် တစ်ချိန်က လက်နက်ကိုင်သောင်းကျန်းမှု၏ ဆိုးကျိုးများကို ခံစားခဲ့ကြရသည်။ အချို့က မိမဲ့၊ ဖမဲ့၊ မိတကွဲ၊ ဖတကွဲ ဖြစ်ခဲ့ကြရသည်။ အေးချမ်းစွာ ပညာမသင်နိုင်ခဲ့ကြ။ တပ်မတော်အစိုးရလက်ထက်တွင် နယ်စပ်ဒေသနေ တိုင်းရင်းသားကလေးငယ်များ အခြေခံပညာသင်ယူခွင့် မဆုံးရှုံးရလေအောင် အဘက်ဘက်မှ စီမံဆောင်ရွက်ပေးခဲ့ရသည်။ နယ်စပ်ဒေသအသီးသီးတွင် အမက ၈၅၂ ကျောင်း၊ အလက ကျောင်း ၉၀၊ အထက ၉၂ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး ၎င်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်ကျောင်းများ၌ အဆင့်မြင့်ပညာများ ဆက်လက်သင်ယူခွင့်ရရှိကြမည် ဖြစ်ပေသည်။

ကွမ်းလုံဒေသမှ မြောင်စီးတိုင်းရင်းသားကလေး မောင်စိုးမင်းဆိုလျှင် မဟာတန်းအောင်မြင်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌နည်းပြအဖြစ် ပြန်လည်တာဝန်ပေးခန့်အပ်ထားနိုင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ တည်ထောင်ဖွင့်လှစ်ပေးခဲ့သော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့်(မန္တလေး)တို့သည် ဘွဲ့ရတိုင်းရင်းသားလူငယ် ၇၈၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ တစ်နည်းဆိုရသော် ယင်းကျောင်းနှစ်ကျောင်းသည် နေတစ်စင်းနှင့် လတစ်စင်းပမာ နယ်စပ်ဒေသများကို ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဝါများနှင့် ထွန်းလင်းတောက်ပစေခဲ့သည်။ ငြိမ်းချမ်းအေးမြစေခဲ့သည်။

သင်တန်းဆင်းကျောင်းသားများ အနေဖြင့်လည်း မိမိတို့ တာဝန်ကျရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားလာစေရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ၊ မျှမျှတတ၊ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်း ကြိုးပမ်းထမ်းဆောင်ကြရင်း ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ ခိုင်မြဲနေစေရန် လက်တွဲကာကွယ် စောင့်ရှောက်သွားရမည် ဖြစ်ပါသည်။ ။

သင်တန်းဆင်း ကျောင်းသားများအနေဖြင့်လည်း မိမိတို့ တာဝန်ကျရာ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသခံတိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများ တိုးတက်မြင့်မားလာစေရေး၊ ပြည်ထောင်စုကြီးတစ်ခုလုံး ဟန်ချက်ညီညီ၊ မျှမျှတတ၊ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်ကြ။

မန္တလေးတိုင်းဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲနှင့် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်

နေပြည်တော် သြဂုတ် ၁၂

မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား စစ်တုရင်ပြိုင်ပွဲနှင့် ပထမအကြိမ် မန္တလာအိုးပင်း စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကို ဇူလိုင်၃၀ရက် မွန်းလွဲ၁နာရီက အောင်မြေသာစံမြို့နယ် မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး) ပိတောက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကား ပြောကြားပြီး မန္တလေးတိုင်း စစ်တုရင် ဆပ်ကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ စိုးထွန်းနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က ပြိုင်ပွဲကျင်းပရခြင်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ စစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ ချမ်းအေးသာစံမြို့နယ်အသင်းကို တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်က လည်းကောင်း၊ ဒုတိယဆုရ မဟာအောင်မြေ မြို့နယ်အသင်းကို မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပထမဆုရ ညောင်ဦးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ယာပုံ)** ဆက်လက်၍တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပထမအကြိမ်မန္တလာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် တတိယဆုရ နေဦးကျော်ထွန်း (မန္တလေး)အား ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၂၀၀၀၀ကို လည်းကောင်း၊ ဒုတိယဆုရ ကျော်လင်းနိုင် (ရန်ကုန်)အား ဆုဖလားနှင့် ငွေသားဆုငွေကျပ် ၁၅၀၀၀၀ကို လည်းကောင်း၊ ပထမဆုရ ဝင်းဇော်ထွန်း(ရန်ကုန်)အား ဆုဖလားနှင့်ငွေသားဆုငွေကျပ်၂၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်းက အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုရ မနန်းအမ်ရွှန်းလဲ့ရည်နှင့် အသက်၂၀နှင့်အောက် လူငယ် အားကစားသမားဆုရ မနန်းအမ်ကေခိုင်လှျမ်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် ၂၀၀၀၀ကို ချီးမြှင့်သည်။ဆက်လက်၍ ဒေသခံအားကစားသမားဆု ရရှိသူများကို မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က လည်းကောင်း၊အသက်၅၀နှင့်အထက် အားကစားသမားဆု ရရှိသူများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လည်းကောင်း၊ အသက်၁၂နှစ်အောက်နှင့်အသက်၁၆နှစ်အောက် လူငယ်အားကစားသမားဆုရရှိသူများကို မန္တလေးတိုင်း စစ်တုရင်ဆပ်ကော်မတီဥက္ကဋ္ဌပါမောက္ခဒေါက်တာ စိုးထွန်းတို့က အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ TMWအင်တာပရိုက်လီမိတက်မှ ဦးမောင်မောင်လွင်က ငွေကျပ် ၁၅သိန်း၊နန်းတော် အထူးကုဆေးခန်းမှ ငွေကျပ်သုံးသိန်း၊ ကိုအောင်အောင်ဦး(MR II)ယာဉ်အလှဆင်လုပ်ငန်းမှ ငွေကျပ်တစ်သိန်း၊ ဦးအေးမောင်-ဒေါ်နီနီ စိန်စပါယ်ဖူးစိန်တိုက်မှ ငွေကျပ်ငါးသောင်း၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ ထိန်းသိမ်းရေး (အဝေးပြေး)က ငွေကျပ် ခုနစ်သောင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး (မြို့တွင်း)က ငွေကျပ်ငါးသောင်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးမှငွေကျပ်ခုနစ်သောင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ်ငါးသောင်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း တို့ကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က လက်ခံယူသည်။

(သတင်းစဉ်)



မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြင့်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင်သုံးထပ်ကျောင်းတော်ကြီး(ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး)အတွက် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ဈေးကုန်းရပ်ကွက် ဂန္ဓမာလမ်း အမှတ်၁၂ နေ ဦးဝင်းမော်-ဒေါ်ခင်ခင်လေး၊ သမီး မခင်လင်းမော် မိသားစုက ကျောင်းအလှူငွေကျပ် ၄၄၀၀၀၀ကို အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဦးနန္ဒဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဋ္ဌာန်းတရားတော်များပို့ချမည်

ရန်ကုန် သြဂုတ် ၁၂

အပြည်ပြည်ဆိုင်ရာအဘိဓမ္မာမဟာသိပ္ပံ ရုံးချုပ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်နှင့် အပြည်ပြည်ဆိုင်ရာအဘိဓမ္မာမဟာသိပ္ပံပါမောက္ခချုပ်ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဆရာတော်ကြီးသည် သြဂုတ် ၂၆ရက် မွန်းလွဲ ၂နာရီမှ ညနေ ၄နာရီ အထိတာမွေမြို့နယ် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ဧရာခန်းမတွင် လက်တွေ့ဘဝကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း ခေါင်းစဉ်ဖြင့် ပဋ္ဌာန်းတရားတော်များကို ဟောကြားပို့ချမည် ဖြစ်သည်။ **(သတင်းစဉ်)**

ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်းတွင် အသုံးပြုရန် Tower Crane(Travelling Type) ဝယ်ယူရေး ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၂

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံမှ Liebherr Singapore Pte., Ltd. တို့ ရဲရွာရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်စခန်း၌အသုံးပြုရန်လိုအပ်သော Liebherr Brand(Travelling Type)Tower Crane Model-630 EC-H 40(20) Litronic(1)Unit ဝယ်ယူရေးအတွက် ကန်ထရိုက်စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို သြဂုတ် ၈ ရက် ညနေပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ Liebherr Singapore Pte., Ltd. မှ General Manager Mr. Franz Huber က အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် နှစ်ဖက်သဘောတူညီချက် ကန်ထရိုက်စာချုပ်အား ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် စင်ကာပူသမ္မတနိုင်ငံ Liebherr Singapore Pte., Ltd. မှ General Manager Mr. Franz Huber တို့က စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန်လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးသော ကန်ထရိုက်စာချုပ်မှာ မန္တလေးတိုင်း မန္တလေးမြို့၏အရှေ့တောင်ဘက်မိုင်၃၀အကွာ ရဲ-ယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်တွင် ရေအား လျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးမှ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၉၀ ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ဓာတ်အားပေးစက်ရုံ တည်ဆောက်ရာတွင် အသုံးပြုမည့် (Travelling Type)Tower Crane Model-630 EC-H 40(20) Litronic(1)Unit ဝယ်ယူရေးအတွက် စာချုပ်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် ပုဇွန်တောင်ကုန်း ရပ်ကွက် ၁၃၃လမ်းတွင် ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ဇူလိုင် ၂၈ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ရေစီးရေလာ ကောင်း မွန် ရေး တို့အတွက် ရေနုတ်မြောင်းများ စုပေါင်း သန့်ရှင်းရေး ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးသန်းဝင်းတို့ ကြည့်ရှုအားပေးစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးမှူး သက်ကြီးရွယ်အိုများ အိမ်တိုင်ရာရောက် စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် သြဂုတ် ၁၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူး၍ သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် စောင့်ရှောက်ရေးစီမံချက် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၉ ရက် နံနက်၉နာရီက နေပြည်တော်ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဒေါ်စန္ဒာအောင်၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ နေပြည်တော်ပျဉ်းမနား ပြည်သူ့ဆေးရုံအုပ်ကြီး ခရိုင်နှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်သက်ကြီးရွယ်အိုများ အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးမည့် စေတနာ့ဝန်ထမ်း သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က အမှာစကား ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ နေပြည်တော် ပျဉ်းမနားရှိ အဘိုး၊ အဘွားများအတွက် ဆေး၊ အဝတ်အထည်နှင့် အလှူငွေများ အားပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက အသီးသီး လက်ခံယူကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါ သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် စောင့်ရှောက်ရေးစီမံချက် ဆင့်ပွားသင်တန်းသို့ သင်တန်းသူ ၁၇ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွယ်တော်မြတ်စေတီတော်(ရန်ကုန်)နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးအား အမျိုးသားညီလာခံကိုယ်စားလှယ်များ သွားရောက်ဖူးမြော်ကြည်ညို ခရစ်ယာန်ဘာသာဝင်များ ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြုဆုတောင်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသို့ တက်ရောက်နေကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ဘုရားသမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ထာဝရဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်းလှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၏ စီစဉ်မှုဖြင့် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည်လည်း ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။

(အပေါ်ပုံ)

ဖူးမြော်ကြည်ညို

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်တွင် မော်တော်ယာဉ်များဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြရာ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အထက်ပစ္စယာ၌ ကိန်းဝပ်စံပယ်တော်မူသည့် ပတ္တမြားမျက်ရှင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအားလက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်များအား ပန်း၊ ရေချမ်း၊ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်း ပူဇော်ခြင်း၊ ဂြိုဟ်တိုင်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ခြင်း၊ စေတီတော်အတွက် အလှူငွေများထည့်ဝင်လှူဒါန်းခြင်းစသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ဝတ်ပြုဆုတောင်း

အလားတူ ခရစ်ယာန်ဘာသာဝင် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှတာဝန်ရှိသူများ လိုက်ပါလျက် အမျိုးသားညီလာခံ နားရက်ဖြစ်သည့် ယနေ့(တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်တောင်သူကုန်းရပ်ကွက်ဦးစံလုံးလမ်းရှိ နံ့သာကုန်းကရင်နှစ်ခြင်းအသင်း ဘုရားရှိခိုးကျောင်းသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည်။**(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် ၆ ရပ်ကွက် ဝေဇယန္တာအနောက် ၁၅လမ်းနေ ဦးလှမြင့်အားရည်စူး၍ ဒေါ်ကျင်မိသားစုတို့က ငွေပဒေသာပင်ကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်သန်းချို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပေါင်းတည်မြို့နယ်အတွင်း မျက်စိဝေဒနာရှင်များအား မျက်စိဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် ဩဂုတ် ၁၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းစမ်းသပ်ကုသမှုလုပ်ငန်းကို ဩဂုတ် ၁၁ ရက်တွင် ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ကြသည်။

ကူညီကုသ

ကွင်းဆင်းစမ်းသပ် ကုသမှုကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဦးဆောင်၍ ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာ သိန်းထွဋ်၊ ဒေါက်တာ အေးမြတ်ဦး၊ ဒေါက်တာ နန်းအိရွှေစင်၊

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့တွင် မျက်စိဝေဒနာရှင်များအား ရန်ကုန်မြို့ မျက်စိအထူးကုဆရာဝန်များက အခမဲ့ ကွင်းဆင်းစမ်းသပ်ကုသပေးကြစဉ်။ (သတင်းစဉ်)

ဒေါက်တာ မောင်မောင်မျိုးဝင်း၊ ဒေါက်တာချောဝေလွင်၊ ဒေါက်တာ အေးချမ်း၊ မျက်မှန်ကျွမ်းကျင် ဦးစုအေးနှင့် ဦးစိုးလှိုင်တို့ ပါဝင်ဆောင်ရွက်ကြပြီး ပြည်မြို့နယ်ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ခင်ဥမ္မာက ပါဝင်ပူးပေါင်း ကူညီကုသပေးခဲ့သည်။

ယင်းအဖွဲ့သည်ပေါင်းတည်မြို့နယ်ပြည်သူ့ဆေးရုံ၌ ပေါင်းတည်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ မျက်စိဝေဒနာရှင် ၂၀၆၆ ဦးတို့အား စမ်းသပ်ကုသပေးခဲ့ပြီး အတွင်းတိမ်လူနာ ၂၄၀ အား ခွဲစိတ်ကုသပေးမည်ဖြစ်ကာ မျက်မှန်ပါဝါလိုအပ်သူ ၁၀၆၇ ဦးတို့ကို စမ်းသပ်ကြည့်ရှု၍ လိုအပ်သော မျက်မှန်များကို အခမဲ့ပေးအပ်ခဲ့သည်။

လှူဒါန်း

ယင်းခရီးစဉ်အတွက် လိုအပ်သော ဆေးဝါးပစ္စည်းနှင့် ကုန်ကျစရိတ်များကို အမှတ်(၁)စက်မှုဝန်ကြီးဌာနအိမ်သုံးဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေ မိသားစုနှင့် Mother Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်တို့က လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

မျက်စိအထူးကုအဖွဲ့၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ပေါင်းတည်မြို့ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးမြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပေါင်းတည်မြို့ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်မိမိနှင့်ဆေးရုံဝန်ထမ်းများ၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင် မိဘပြည်သူများက အဘက်ဘက်မှလိုအပ်သည်များကိုကူညီဆောင်ရွက်ပေးခဲ့ကြသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၁) ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၃၁)တွင် 'ဘဝရထား မြို့ပြရထား' မျက်မှောက်ရေးရာသုံးသပ်ချက် အထူးဆောင်းပါးနှင့်အတူ မြန်မာ့သနပ်ခါးမှ အလှကုန်ထုတ်လုပ်ရေး ထိုင်းဆေးဝါးတက္ကသိုလ်စမ်းသပ်မှုပြုမည်၊ ဖောင်းကြွနံပါတ်ပြား တပ်ဆင်ခြင်းမရှိသောယာဉ်များ အရေးယူမည်၊ ပါရမီတက္ကစီများ စီးလုံးငှား(အဝေးပြေး) လက်ခံပြေးဆွဲပေး၊ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ အလေးချိန်ပမာဏ ၁၀ ကီလိုဂရမ်ထပ်တိုးပြီး ဝန်ဆောင်မှုပေးရန်စီစဉ်၊ ဘဏ်ငွေစုစာအုပ်ဖွင့်လိုသူများ ထောက်ခံမည့်သူနှစ်ဦးလိုအပ်၊ မြန်မာနိုင်ငံမှ ဟိုတယ်သင်တန်းဆင်းများ ဒူဘိုင်းမှ အကန့်အသတ်မရှိခေါ်ယူလို၊ တောင်သမန်ကန်ရေမြင့်တက် ကျေးရွာတွင်းအချို့နေရာများ ရေဝင်ရောက် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

အာဂျင်တီးနားသားနှစ်ယောက်အတွက် အာရုံနောက်ခဲ့ရတဲ့မန်ချက်စတာ အားကစားဆောင်းပါးနှင့်အတူ တောင်အာရှ၌ ရေပြန်ကျပြီ၊ အသက် ၉၄နှစ်၌ ဩစတြေးလျဘွားဘွား မဟာဘွဲ့ဆွတ်ခူး၊ အာဆီယံကာကွယ်ရေးတပ်ဖွဲ့များ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကိုအားဖြည့်၊ တောက်တောက်ကလေးများ၏ ဝေါဟာရ သီးပွင့်မှုလျှို့ဝှက်ချက်ဖော်ထုတ်နိုင်၊ ဝမ်းကျောင်းရေးလုပ်ငန်းများ စိတ်ကျရောဂါနှင့် အပြင်းစားသောကကိုပေးနေ၊ တိုက်တန်းနစ်သင်္ဘော၏ ကလေးခရီးသည် ရုပ်ကြွင်း အတည်ပြုနိုင် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။

(သတင်းစဉ်)

ပုသိမ် မှန်စက်ရုံနှင့် အမှတ်(၄) အထပ်သားစက်ရုံ

တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၆ရက် နံနက်စနာရီက မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပုသိမ်မှန်စက်ရုံသို့ရောက်ရှိပြီး ဓာတုဗေဒနှင့် သဘာဝကုန်ကြမ်းများ စုဆောင်းထားရှိမှု၊ ကုန်ကြမ်းသဲ ရေဆေးသန့်စင်မှုနှင့် အခြောက်ခံသိုလှောင်ထားရှိမှု၊ စက်ကိရိယာများ ကြံ့ခိုင်ထိန်းသိမ်းထားရှိမှု၊ မှန်ကွဲများ သန့်စင်ဆေးကြောမှု၊ မီးသင်းဖို အကြီးစားပြင်ဆင်မှု၊ အသစ်ပြောင်းလဲတပ်ဆင်ပြီးသည့် မှန်ရည်ကျိုပိုင်း၊ မှန်စဆွဲပိုင်း၊ မှန်ဖြတ်နေရာများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးစိုးသန်း၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ငင်းနောက် တိုင်းမှူးသည် ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပသော ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား အသက် ၂၁နှစ်အောက် ငါးခရိုင် အမျိုးသားဘောလုံးပြိုင်ပွဲဖွင့်ပွဲ ပွဲစဉ်အဖြစ် ပုသိမ်ခရိုင်နှင့် ဟင်္သာတခရိုင်အသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

(သတင်းစဉ်)

မှာကြား

ထို့နောက် တိုင်းမှူးအား စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံမှူး ဦးစိုးသန်းက စက်ရုံဆိုင်ရာအခြေအနေများကိုလည်းကောင်း၊ စက်ရုံခြံစည်းရိုးကြက်ဆူဧက ၁၀၀ စိုက်ခင်းရှင်းလင်းဆောင်တွင် စက်ရုံမှ စိုက်ကွင်းအလိုက် စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များမှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းမှူးသည် ပုသိမ်မြို့ အမှတ်(၄) အထပ်သားစက်ရုံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် မန်နေဂျာ ဦးသန်းနိုင်ဦးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်း တင်ပြမှုအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ တိုင်းမှူးသည် စက်ရုံအတွင်း သစ်ပါးလွှာ ထုတ်လုပ်မှု၊ အရွယ် အစားအလိုက် ဖြတ်တောက်မှု၊ သစ်ပါးလွှာ အခြောက်ခံခြင်း၊ အထူအပါးညှိခြင်း၊ ကော်သုတ်ခြင်း၊ အပူဖိခြင်း၊ အလျားအနံဖြတ်ခြင်း၊ မျက်နှာပြင် အချောကိုင်ခြင်း၊ အတန်းအစားခွဲခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ**(အပေါ်ပုံ)** တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

ထုတ်လုပ်နိုင်

အမှတ်(၄)အထပ်သားစက်ရုံ၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လျှင် သစ်မာအထပ်သား ၁၈၅၄၆တန်နှင့် သစ်မာသစ်ပါးလွှာ ၂၇၂၉တန် စုစုပေါင်း ၂၁၂၇၅တန် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

အလှူငွေ ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများအတွက် အမေရိကန်နိုင်ငံ နယူးဂျာစီမြို့နေ Mrs. Pankaj Hnin Hnin Rohan မိသားစုက အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှမင်း၊ ဦးစောကြိုင်တို့က လက်ခံရယူစဉ်။ (က-ပ)

ယခင်ကနှင့်မတူသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ ဒေသအလိုက် တွေ့မြင်ခံစားနေကြရပြီ မိမိရပ်ရွာအကျိုး ကိုယ်တိုင်ကမကထပြုဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၅ ရက် ညနေ ၃နာရီခွဲက ဟင်္သာတမြို့ မိုးလုံလေလုံအားကစားခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများအား တွေ့ဆုံသည်။ (အောက်ပုံ)

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဟင်္သာတမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က မြို့နယ်၏ လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရေဘေးကြိုတင်ကာကွယ်မှုကိုလည်းကောင်း၊ ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာသိန်းစိုးက ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လည်းကောင်း၊ ဟင်္သာတမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်ဦးက ရေဘေးကာကွယ်ရေးလုပ်ငန်းတွင် အသင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့နယ် လူထုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်နေကြသည့် အခြေခံပညာမူလတန်းနှင့် အလယ်တန်းကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရန် ဆောင်ရွက်မှုများကို အလယ်စုကျေးရွာ၊ နတ်မော်ကျေးရွာ၊ ကနောင်စုတို့ရှိ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် ယခင်ကနှင့်မတူသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို ဒေသအလိုက် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ မိမိဒေသ ရပ်ရွာအကျိုးအတွက်၊ မိမိတို့ကိုယ်တိုင် ကမကထပြု၍ ဆောင်ရွက်လျက်ရှိနေကြကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို ဖော်ဆောင်နိုင်မည့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးအောင်မြင်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးတို့ကို လူထုတစ်ရပ်လုံးနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ဟင်္သာတမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု အလယ်စုကျေးရွာ၊ အလယ်စုကျောင်းတိုက်သို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တကုသလအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလယ်စုကျောင်းတိုက်တွင် ကျေးရွာရပ်မိရပ်ဖများ ပညာရေးကော်မတီများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ပေးအပ်

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမူထံ ကျောင်းသား ကျောင်းသူများ အသုံးပြုရန် ဗလာစာအုပ်ဒါဇင် ၁၀၀နှင့်ခဲတံ၊ ဘောပင်တို့ကို အထွေထွေ အတွင်းရေးမှူးက ပေးအပ်သည်။

သွားရောက်ဖူးမြော်

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် ဟင်္သာတမြို့နယ် နတ်မော်ကျေးရွာရှိ တိလောကဥသျှောင်ရှင်သာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဆွေးနွေးခဲ့

ယင်းနောက် ကျေးရွာလူထု၊ ကျေးရွာကျောင်းကော်မတီအဖွဲ့နှင့် တွေ့ဆုံကာ နတ်မော်ကျေးရွာရှိ မူလတန်းကျောင်း ဆောက်လုပ်ပြီးစီးမှုအခြေအနေကိုဆွေးနွေးပြီး အထွေထွေအတွင်းရေးမှူးက ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးထွန်းထံ ပညာရေးမြှင့်တင်မှု အလှူငွေနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၅၀၊ ခဲတံ၊ ဘောပင်တို့ကိုလှူဒါန်းကာကျေးရွာလူထုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စများ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန် စာမူဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန် စာမူဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၄ ခုနှစ် စာပေဗိမာန်စာမူဆုရမြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေ ဒုတိယဆုရ ထန်လှိုင်ရေးသားသည့် **မပြတ်တွေ့နိုင်သည့် ဖိနပ်ခလေ့** စာအုပ်၊ သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ ဒုတိယဆုရ သတင်းထောက်သောင်းညွန့် (ဖျာပုံ) ရေးသားသည့် **စာပေရေးသားခြင်းဆိုင်ရာ ဥပဒေရေးရာ** စာအုပ်၊ လူငယ်စာပေ ဒုတိယဆုရ သန်းအောင်(အညာမြေ)ရေးသားသည့် **အမေမှသား၊ သားမှအမေ** စာအုပ်၊ စာပဒေသာဒုတိယ ဆုရ ဇင်မင်း(သမိန်ထော) ရေးသားသည့် **ဆိုကရေးတီး ခရီးမှတ်တိုင်များ** စာအုပ်၊ စာပဒေသာ တတိယဆုရ ဒေါက်တာမြင့်လှိုင် ရေးသားသည့် **ဒလတောကြီးတန်းဒေသရှာပုံတော်** စာအုပ်၊ သုတပဒေသာ(သိပ္ပံ) တတိယဆုရ ဝင်းလွင် (လက်ပံတန်း) ရေးသားသည့် **မွေးမြူရေးလုပ်ငန်းပိုင်ရှင်များနှင့် ခြံမန်နေဂျာများအတွက် ဆောင်ရန် ရှောင်ရန်** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ သိန်းဇော် (ရွှေလီဦး) ရေးသားသည့် **ပန်းတောတစ်ရွာလုံး မရှေ့ရှီအပျော်ဆုံး** ဝတ္ထုတို

စာအုပ်နှင့် ဝတ္ထုရှည် တတိယဆုရ ချစ်ညွန့်ကျော်ရေးသားသည့် **မိုးခြည်တိမ်ခြေပုံနှင့်ချေ**စာအုပ်တို့ဖြစ်သည်။

အဆိုပါ စာအုပ်များကို နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့်ရန်ကုန်နှင့်နယ်ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းသားကျောင်းသူများအား ကိုယ်ကျင့်နီတိများလိုက်နာတတ်ရန် ပဲ့ပြင်သွန်သင်ဆုံးမပေး ပညာရေးအထောက်အကူပြုပစ္စည်းများကို စနစ်တကျအသုံးချပြီး ထိန်းသိမ်းစောင့်ရှောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်တက္ကသိုလ် ဆရာ ဆရာမများအား တွေ့ဆုံမှာကြား

နေပြည်တော် ဩဂုတ် ၁၂

တနင်္သာရီတိုင်း ထားဝယ်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထားဝယ်မြို့မှ ထွက်ခွာလာပြီး ညနေပိုင်းတွင် မြိတ်မြို့သို့ရောက်ရှိကြသည်။

တွေ့ဆုံမှာကြား

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မြိတ်တက္ကသိုလ်သို့ ရောက်ရှိပြီး ပင်မလေးထပ်စာသင်ဆောင် ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြ၊ သရုပ်ပြများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် မြိတ်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းဆွေက မြိတ်တက္ကသိုလ်၏ ပညာသင်ကြားရေးနှင့် စီမံရေးကိစ္စရပ်များကိုလည်းကောင်း၊ ယုဇနကုမ္ပဏီ ဥက္ကဋ္ဌ ဦးဌေးမြင့်က မြိတ်တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင် ဆောက်လုပ်ပြီးစီးခဲ့မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကောင်စံဦးက မြိတ်တက္ကသိုလ် ပင်မ လေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနား ကျင်းပရေး စီမံချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ပညာသင်ကြားရေး၊ စီမံရေးနှင့် မြိတ်တက္ကသိုလ် ပင်မလေးထပ်စာသင်ဆောင်ဖွင့်ပွဲ ကျင်းပမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝမ်းသာအားရဖြစ်မိ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက တနင်္သာရီတိုင်းအတွင်း တက္ကသိုလ်အဆင့်အနေဖြင့် မြိတ်မြို့၌ မြိတ်တက္ကသိုလ်၊ မြိတ်နည်းပညာ တက္ကသိုလ်နှင့် မြိတ်ကွန်ပျူတာ တက္ကသိုလ်တို့ကို ဖွင့်လှစ်ထားပြီး ထားဝယ်မြို့၌ ထားဝယ်တက္ကသိုလ်နှင့် ထားဝယ်နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ထားကြောင်း၊ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့် မြိတ်တက္ကသိုလ်၌ တည်ဆောက်ခဲ့သည့် ပင်မလေးထပ် စာသင်ဆောင်သည် ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်၍ ဝမ်းသာအားရ ဖြစ်မိပါကြောင်း။

သွန်သင်ဆုံးမ

မြိတ်တက္ကသိုလ်၌ လာရောက်ပညာသင်ယူလျက်ရှိကြသူများနှင့် နှစ်အလိုက် ဆက်လက်ပညာသင်ယူကြမည့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူ လူရည်မွန်များ နိုင်ငံ့သားကောင်းဖြစ်စေရန် လောကနီတိ၊ မင်္ဂလာတရားတို့မှ ကိုယ်ကျင့်နီတိများကို လိုက်နာတတ်ရန် ဆရာ ဆရာမများက ပဲ့ပြင်သွန်သင်ဆုံးမပေးကြရန် အထူးမှာကြားလိုကြောင်း၊ ပညာရေးအထောက်အကူပြုပစ္စည်းများကို စနစ်တကျအသုံးချပြီး ထိန်းသိမ်းစောင့်ရှောက်ကာ ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ကူညီစောင့်ရှောက်ကြရန် မေတ္တာရပ်ခံလိုကြောင်း၊ အမိတက္ကသိုလ်၏ ပရဝုဏ်ထာဝစဉ် စိမ်းလန်းစိုပြည်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

လက်ခံ

ယင်းနောက် ၂၀၀၆-၂၀၀၇ ခုနှစ် တနင်္သာရီတိုင်း ပညာရည်ချွန်ဆုပေးအပ်ပွဲအတွက် ယုဇနကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက လက်ခံသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် မြိတ်တက္ကသိုလ် စာကြည့်တိုက်နှင့် Language Lab (Computer Aided)၊ Computer Training Centreများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံကာ ပညာသင်ယူရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မြိတ်တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမ ဖွဲ့စည်းတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှု

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြေညီထပ်ရှိ အထ္ထုဝါသိပ္ပံပြတိုက်၌ ခင်းကျင်းပြသထားသည့် ကော့သောင်းမြို့ ဂဂ်ါကျွန်းကမ်းခြေ ကျောက်ခုံပေါ်၌ တင်ကျန်၍ စုဆောင်းရရှိခဲ့သော ဝေလငါးကြီး၏ အရိုးငြမ်းနှင့် ရေချိုရေငန်အစပ်နှင့် ရေငန်နေ သတ္တဝါများ၏ ရုပ်ကြွင်းများကို ကြည့်ရှုကြရာ မြိတ်တက္ကသိုလ် အထ္ထုဝါသိပ္ပံပညာဌာန ပါမောက္ခဌာနမှူး ဒေါ်နန်းမြဟန်က ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်တက္ကသိုလ် လေးထပ်စာသင်ဆောင် ဖွင့်ပွဲအခမ်းအနားတွင် မြိတ်ခရိုင်အတွင်းရှိ ရေလုပ်ငန်းရှင်ကုမ္ပဏီများ၊ ရေနှင့် ရေထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံများက ခင်းကျင်းပြသမည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရာနှုန်းပြည့်ပြီးစီး

မြိတ်တက္ကသိုလ်၏ ပင်မလေးထပ်စာသင်ဆောင် အဆောက်အအုံသည် အလျား ၃၈၅ ပေ၊ အနံ ၂၈၁ ပေ ရှိပြီး စာသင်ခန်းများ အပါအဝင် လူဦးရေ ၁၂၀၀ ဆံ့ ဘွဲ့နှင်းသဘင်ခန်းမနှင့် ၁၁ ဦးဆံ့သည့် ဓာတ်လှေကားတစ်စင်း ပါဝင် တည်ဆောက်ထားသည်။ ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများသည် ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်ကြောင်း သိရသည်။

အမှာစကားပြောကြား

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်း စားသုံးဆီဖူလုံရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တင်ပြ

ညှိနှိုင်းအစည်းအဝေးတွင် တနင်္သာရီတိုင်း မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်ပင်) တိုင်းမန်နေဂျာ ဦးခွန်ရွှေသင်းက ဆီအုန်းစိုက်ပျိုး ထုတ်လုပ်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ တနင်္သာရီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးတင်မောင်မြင့်က အခြားဆီထွက်သီးနှံများ အခြေအနေကိုလည်းကောင်း၊ တနင်္သာရီတိုင်း စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဝင်းက ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများအား မြေနေရာ ချထားမှုကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက စီမံချက်အတိုင်း စားသုံးဆီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပတ်သက်ပြီး ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထပ်မံကြိုးစား

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းနှင့် မြန်မာနိုင်ငံ စားသုံးဆီဖူလုံရေးအတွက် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုသည် အဓိကကျကြောင်း။

ယခုနှစ် ၂၀၀၇-၂၀၀၈ ခုနှစ်မှစ၍ တိုင်းအတွင်း စားသုံးဆီဖူလုံမှု ရာခိုင်နှုန်းသည် ပြည့်မီကျော်လွန်ကြောင်း တွေ့ရှိရသော်လည်း နိုင်ငံတော်သို့ ဖြည့်ဆည်းပေးနိုင်မှုသည် ထပ်မံကြိုးစားရန် လိုအပ်နေသေးကြောင်း။

ဆီအုန်းဆီကြိမ်းထွက်ရှိမှုမှ ဆီချောထုတ်လုပ်ရေးတွင် ဆီသန့်စက်ရုံမရှိသည့်အခက်အခဲကြောင့် ဆပ်ပြာကုန်ကြမ်းအဖြစ်သာ ရောင်းချနေကြသည်ကို တွေ့ရှိရကြောင်း။

အထောက်အကူပြု

ဤတိုင်းမှ ထွက်ရှိသမျှ ဆီအုန်းဆီကြမ်းအားလုံးသာ စားသုံးဆီချောထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် စားသုံးဆီဖူလုံမှု ပိုမိုအထောက်အကူပြုနိုင်မည်ဟု သုံးသပ်ရကြောင်း။

သို့ဖြစ်၍ တိုင်းအတွင်း ဆီချောစက်ရုံများ တည်ဆောက်နိုင်ရေးကို ကုမ္ပဏီများမှသော်လည်းကောင်း၊ ဌာနဆိုင်ရာမှ ပံ့ပိုး၍သော်လည်းကောင်း တည်ဆောက်သွားနိုင်ရေး ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

ယနေ့တင်ပြသည့် သုံးနှစ်စီမံချက်ပါ မျှော်မှန်းချက်အထွက်နှုန်းများ ရရှိရန် စနစ်တကျ စိုက်ပျိုးပြုစုပေးခြင်းနှင့် မြေသြဇာကျွေးပေးရန် လိုအပ်ကြောင်း။

စည်းရုံးကူညီ

သို့ဖြစ်၍ တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များသည် ကုမ္ပဏီ၊ ခြံငယ်ရှင်၊ တောင်သူများအား နည်းစနစ်နှင့်အညီ ဆောင်ရွက်ရေး စည်းရုံးကူညီပေးသွားရန် မှာကြားလိုကြောင်း။

အခမ်းအနားရုပ်သိမ်း

ထို့အပြင် ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များကလည်း မိမိတို့ ဒေသအတွင်း ဆီအုန်းနှင့် အခြားဆီထွက်သီးနှံများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရေး စီမံချက်ပါအတိုင်း စားသုံးဆီဖူလုံမှုကို အထောက်အကူ ပြုနိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးစားအားထုတ်၍ ကြီးကြပ်ပံ့ပိုး ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တိုးချဲ့စိုက်ပျိုး

တနင်္သာရီတိုင်းအနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဆီအုန်း ၂၀၀၀၃၉ ဧက၊ မြေပဲ ၁၆၄ ဧက၊ နှမ်း ၁၂၉၉ ဧကနှင့် နေကြာ ၃၆ ဧက စိုက်ပျိုးခဲ့ပြီး ဆီဖူလုံမှုသည် ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းရှိကာ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်ရေး သုံးနှစ်စီမံကိန်းအရ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ပရင်တာအသုံးပြုသူများနှင့် သစ်အချောထည်အလုပ်သမားများ ပန်းနာနှင့် ကင်ဆာရောဂါများ ဖြစ်ပွားစေနိုင်

လန်ဒန် ဩဂုတ် ၁၂

ပရင်တာအသုံးပြုသူများနှင့် သစ်အချောထည်လုပ်ငန်း လုပ်ကိုင်သော အလုပ်သမားသည် ပန်းနာရောဂါအဖြစ်များကြကြောင်း ဥရောပမှ သုတေသနပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောကြားလိုက်သည်။

ပရင်တာအသုံးပြုသူများသည် ပရင်တာ၌ တပ်ဆင်အသုံးပြုထားသော တုံနာမှတစ်ဆင့် လွင့်ပျံ့ထွက်ပေါ်လာသည့် ဓာတုအမှုန်လေးများကို အမြဲရှူနေကြရသဖြင့် ပန်းနာရောဂါဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ထို့အပြင် ကင်ဆာရောဂါလည်း ဖြစ်ပွားစေကြောင်း ၎င်းအဖွဲ့က ပြုစုထုတ်ပြန်ထားသော သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

ဖြစ်ပွားနှုန်း

ထို့အတူ သစ်အချောထည်အလုပ်သမားများသည် လုပ်ငန်းခွင်၌ သစ်အမှုန်များ အမြဲလွင့်ပျံ့နေသည်ကို ရှူရှိုက်နေရသဖြင့် ပန်းနာရောဂါနှင့် အဆုတ်ကင်ဆာများဖြစ်ပွားမှု ပိုများတတ်ကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

ဖော်ပြ

သုတေသနပညာရှင်များက လူ ၆၈၀၀၀ ကို ၁၀ နှစ်ကြာ သုတေသနပြုခဲ့ရာမှ ယင်းသို့ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ ထိုသို့သုတေသနပြုခဲ့ရာတွင် ပရင်တာအသုံးပြု၍ ပန်းနာနှင့် ကင်ဆာရောဂါဖြစ်ပွားသူမှာ ၁၃၇ ရာခိုင်နှုန်း၊ သစ် အချောထည်လုပ်ငန်း လုပ်ကိုင်သော အလုပ်သမားများက ၁၂၂ ရာခိုင်နှုန်းအထိ ဖြစ်ပွားကြကြောင်း တွေ့ရှိရသည်ဟု အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ရွှေပန်းတိုင်ကဖီးနေ ဦးဖိုးဇော်–ဒေါ်စမ်းစမ်းနွယ်မိသားစုက ငွေကျပ်တစ်သိန်းကိုလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် ဦးဘချိုတို့က လက်ခံယူသည်။ **(အပေါ်ပုံ)**

လှူဒါန်းနိုင်

အဆိုပါစောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း–၆၆၀၀၀၆နှင့် ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

✻ ကျောဖုံးမှ

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈တိုက်မှ ပဓာန နာယကဆရာတော်ကြီးများနှင့် သီလရှင်စာသင်တိုက် သုံးတိုက်မှ သီလရှင်ဆရာကြီးများ ကြွရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြောက်ဥက္ကလာပမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဇမ္ဗူအေးကျောင်းတိုက် ဂန္ဓာရုံကျောင်း စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ပဓာန နာယကဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်း ဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီး ဌာန၊ မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ် ရေးနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးလုပ်ငန်း၊ အာရှ ကြီးပွားတိုးတက်ရေးကုမ္ပဏီ၊ အိုကေမိသားစုပွဲရုံ၊ စန္ဒီပရဆေးမိသားစု၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြောက် ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကျော်မင်းဟိန်း စက္ကူစက်နှင့် ရွှေပေါက်ကံ စက်မှုဇုန် (SSI)ဆေးဝါးလုပ်ငန်းတို့က လှူဒါန်း သော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ပဓာန နာယကဆရာတော်ထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်း ကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ငွေကျပ် ၂၁၀၀၀၀၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့မိသားစုက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၁၀၀၀၀၊ မြောက်ဥက္ကလာပ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီနှင့် စေတနာရှင် အလှူရှင် များက ငွေကျပ် ၁၃၀၄၀၀၀၊ မြောက် ဥက္ကလာပ စက်မှုဇုန်နှင့် ရွှေပေါက်ကံ စက်မှုဇုန်တို့က ငွေကျပ် ၁၀ သိန်းစီ၊ မော်တော်ယာဉ် ထုတ်လုပ်သူများက ငွေကျပ် ခြောက်သိန်း၊ မြောက် ဥက္ကလာပမြို့နယ် ဌာနဆိုင်ရာများက ငွေကျပ် ၄၂၉၆၆၀၊ ဦးမင်းဇော်–ဒေါ်မြင့် မြင့်ခိုင်(ရွှေကမ္ဘာမိသားစု)က ငွေကျပ် ၃၁၀၀၀၀၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် ၃၀၇၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိ ဇောတဓရ ဦးအောင်ကြည်မြင့်–ဒေါ်စန်း ကြည်(ခ)ဒေါ်မြစန်းကြည်၊ ဦးခင်မောင် ဝင်း(စူပါဓိဂါ လျှပ်စစ်ပစ္စည်းထုတ်လုပ် ရေး)၊ ဦးလှကြည်မိသားစု (သစ်ခွဲစက် နှင့် သစ်ရောင်းဝယ်ရေး)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း–သီရိသုဓမ္မ သိင်္ဂီ ဒေါ်စန်းစန်းဝင်း(KN ကုမ္ပဏီ လီမိတက်)နှင့် ဦးခင်ဇော်–ဒေါ်ခင်ဆွေ မွန်ဦး(ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး)တို့က ငွေကျပ်သုံးသိန်း စီ၊ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန် (ဆန်း မြန်မာမိသားစု)က ငွေကျပ် ၂၁၀၀၀၀၊ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန် လင်း၊ ဒေါက်တာမောင်မောင်ဦး (Asia Express Yangon Co., Ltd.)၊ ဦးဝင်းဇော်ဌေး (ဂိုးရို့စ်ကော်ဖီမစ်)နှင့် ဦးဖေလှိုင်(SSI ဆေးဝါးလုပ်ငန်း)တို့ က ငွေကျပ်နှစ်သိန်းစီ၊ ဦးသန်းမောင်– ဒေါ်ငွေကြည်(ချမ်းမြေ့စတိုး)က ငွေကျပ် ၁၅၃၀၀၀၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးတင်အောင်–သီရိသုဓမ္မသိင်္ဂီ ဒေါ်လှ လှနွယ်(ဝင်းရတနာခရီးသွား)၊ မြောက် ဥက္ကလာပမြို့နယ် ဆန်ကုန်သည်များ အသင်း၊ ဦးရဲအောင်–ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်မိသားစု)နှင့် ဦးသိုင်း ဝင်း–ဒေါ်ဌေးဌေးညွန့်(BTBကုမ္ပဏီ) တို့က ငွေကျပ် ၁၅၀၀၀၀စီ၊ ဦးမျိုး အောင်–ဒေါ်ရှုလွမ်း (အောင်စတိုး) မိသားစု၊ ဦးဝင်းမြင့် (ရွှေအိမ်စည်) မိသားစု၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ သီရိသုဓမ္မ သိင်္ဂီ ဒေါ်နုနုငယ် (နုငယ်ဆောက်လုပ် ရေး)၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုး သမီးရေးရာအဖွဲ့နှင့် ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်စန်းမွန်၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်နှင့်ဇနီး (သမ္မတသင်္ကန်း တိုက်)၊ ဦးထွန်းရွှေ မိသားစု(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)နှင့် လမ်းမတော်မြို့နယ်မှ ဒေါ်လှလှတို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင် များက ငွေကျပ် ၁၀၀၃၃၆၆၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ထို့နောက် ဇေယျာဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ က ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန် တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်း ပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထား သည်။

ယင်းနောက် မြောက်ဥက္ကလာပ မြို့နယ် ဓမ္မမေဒိနီ ပရိယတ္တိစာသင် တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဓာနေယျထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များ က ရေစက်ချအနုမောဒနာ တရားနာယူ ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြောက်ဥက္ကလာပမြို့နယ်အတွင်း ရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်း ဆန်တော် ၃၀၉ အိတ်နှင့် ကိုးပြည်၊ ဆီ ၁၂၉၅ ပိဿာနှင့် ၅၀ ကျပ်သား၊ အိုင် အိုဒင်းဆား ၂၁၅၅ ပိဿာ၊ ပဲ ၄၃၁ ပိဿာ၊ သွားတိုက်ဆားဘူး ၄၁၁ ဘူး၊ ဆေးမျိုးစုံဘူး ၁၀၂၀ နှင့် ဆွမ်းပဒေ သာပင် အလှူငွေကျပ် ၁၀၀၃၃၆၆၀ ဖြစ်သည်။

ရွှေပြည်သာ

အလားတူ ရန်ကုန်မြောက်ပိုင်း ခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက် နှင့် သီလရှင်စာသင်တိုက် တစ်တိုက် တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူ များ၏ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေ များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန် မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၆)ရပ်ကွက် ရွှေဘုန်းရှိန်လမ်းရှိ အောင်ဆန်းတောရ စာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက် ရောက် ကြည်ညိုပြီး ဆရာတော် သံဃာ တော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း သည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန် မြောက်ပိုင်းခရိုင်နှင့် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြား ထားသူများ တက်ရောက်ကြည်ညို ကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွှေမြို့ဝင် ဇီးကုန်းကျောင်း ပဓာန နာယကဆရာ တော် ဘဒ္ဒန္တကုသလထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ရွှေမြို့ဝင် ဇီးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုသလထံ သင်္ကန်းအစရှိသော လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန် ရှိသူများက ဆရာတော် သံဃာတော် များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ဆက်လက်၍ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစု များကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးသုံးဦးတို့က ဆရာ တော်ကြီးနှင့် သီလရှင်ဆရာကြီးတို့ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၊ သာသနာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွား ရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီး ဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတု ဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်း ဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီး ဌာန၊ ရွှေသဇင်မိသားစု၊ ဆန္ဒမွန် ဆေးဝါးနှင့် အလှကုန်ပစ္စည်းထုတ်လုပ် ရေး၊ ရွှေပြည်သာမြို့နယ် ပညာရေး မိသားစု၊ ရွှေပြည်သာမြို့နယ်နှင့် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ အာရှကြီးပွား တိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်၊ စန္ဒီပရဆေးမိသားစု၊ အိုကေပဲမျိုးစုံ ရောင်းဝယ်ရေး၊ ရွှေ ပဒေသာ ပြည်လုံးချမ်းသာဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်၊ ဂေါ်ဇီလာ ခြင်ဆေးခွေစက်ရုံနှင့် ကေသီပန်ဆေး တိုက်တို့မှ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်း ကြသည်။

အလှူငွေများလက်ခံ

ဆက်လက်၍ ဆွမ်းပဒေသာပင် အတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုနှင့် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၈၀၀၀၀ စီ၊ ရန်ကုန်မြောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၆၀၀၀၀၊ ရွှေပြည် သာမြို့နယ်နှင့် ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ က ငွေကျပ်သုံးသိန်း၊ ဦးဇော်ထိုက် (IBCT Co., Ltd.)က ငွေကျပ် ငါးသိန်း၊ (ဦးသိန်းမောင်)–ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ မစ္စတာယိ(ခိုင်ခိုင်ဂရပ်ဖ် စန္ဒာ မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ ရွှေပြည်သာမြို့နယ် ပညာရေးမိသားစု၊ ဦးထွန်းလင်း–ဒေါ်ဆွေမာလွင် (ထွန်း လင်းကုမ္ပဏီ)၊ နိုင်မွန်သံရည်ကျိုစက်ရုံ၊ သီရိသုဓမ္မ မဏိဇောတဓရ သမား တော်ကြီး ဦးဘိုကြီး–သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာ ပြည်လုံး ချမ်းသာဆေးတိုက်)၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေး ကော်မတီ၊ သီဟသုဓမ္မ မဏိဇောတ ဓရ ဦးဘခန့်–ဒေါ်ခင်ရွှေ (ရွှေအိမ် ဆောက်ပစ္စည်း ရောင်းဝယ်ရေး)နှင့် ဦးမောင်သောင်း(ရန်ကုန်ထရန်စဖော်မာ) တို့က ငွေကျပ်သုံးသိန်းစီ၊ ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၁)၊ ရွှေပြည်သာ စက်မှုဇုန် အပိုင်း(၂၊ ၃၊ ၄)၊ PMG ကုမ္ပဏီလီမိတက်၊ ရှန်ဟဲစက်ရုံ၊ သီဟ သုဓမ္မ မဏိဇောတဓရ ဦးတင်ဝင်း– သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း(မြန်မာ ပြည်သားဟော့ KN Co., Ltd.)၊ ဦးစိန်သန်း (ရွှေသဇင်ကုမ္ပဏီ)နှင့် မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း တို့က ငွေကျပ်နှစ်သိန်းစီ၊ ရန်ကုန်တိုင်း ဌာနခွဲ(၁) မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၊ ရွှေပြည်သာ မြို့နယ် ဆန်၊ ဆီကုန်သည်များ၊ ဖြိုးခနေ အကြော်စုံ၊ ဦးဝေလင်း(တော်ဝင်စက်ရုံ)၊ ဦးချစ်မွေး–ဒေါ်မြင့်မြင့်ရီ (သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)၊ သုဓမ္မမဏိဇောတဓရ ဦးတင်မောင်– သီရိသုဓမ္မသိင်္ဂီ ဒေါ်လှလှနွယ် (ဝင်း ရတနာခရီးသွားလုပ်ငန်း)နှင့် သီဟ သုဓမ္မ မဏိဇောတဓရ ဦးသိုင်းဝင်း– သီရိသုဓမ္မသိင်္ဂီ ဒေါ်ဌေးဌေးညွန့် BTB ကုမ္ပဏီတို့က ငွေကျပ် ၁၅၀၀၀၀ စီ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်းကျပ် ၇၉၇၇၀၀၀ ကို ပေးအပ် လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန် ရှိသူများက လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် ကြသည်။

ထို့နောက် မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဆွေလင်း က တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူ များက ဘုန်းတော်ကြီးစာသင်တိုက် များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းရည်ရွယ်ချက်ကိုရှင်းလင်း လျှောက်ထားသည်။

အမျှပေးဝေ

ယင်းနောက် ရွှေပြည်သာမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဒွိပိဋကရေ ပါဠိပါရဂူ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနာဂိတထံမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချ အမျှပေးဝေ ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ရွှေပြည်သာမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့ လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်း ဆန်တော် ၁၄၆ အိတ်၊ ဆီ ၄၅၉ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၆၄၈ ပိဿာ၊ ပဲ ၉၉ ပိဿာ ၆၀ ကျပ်သား၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၁၇၉၀၊ သွား တိုက် ဆားဘူး ၁၂၉ ဘူး၊ ဆပ်ပြာမျိုးစုံ ၄၄၄ ထုပ်၊ သွားတိုက်ဆေး ၅၇၆ ဘူး၊ ကြာဆံအထုပ် ၃၀ နှင့် ဆွမ်းပဒေသာ ပင်အလှူငွေကျပ် ၇၉၇၇၀၀၀ ဖြစ်သည်။ **(သတင်းစဉ်)**

(၁၃)ကြိမ်မြောက် အသက် ၁၈ နှစ်နှင့်အောက် ဘော်လီဘောပြိုင်ပွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)အမျိုးသားအသင်း အနိုင်ရဗိုလ်စွဲ ဧရာဝတီတိုင်းအမျိုးသမီးအသင်း လက်ရှိချန်ပီယံဆု ဆက်လက်ထိန်းသိမ်း

သတင်းနှင့် ဓာတ်ပုံ - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၂

(၁၃)ကြိမ်မြောက် အသက် ၁၈ နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ ခန်းမ၌ ကျင်းပရာ အမျိုးသားပြိုင်ပွဲတွင် ယမန်နှစ် ဒုတိယရရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းက မန္တလေးတိုင်းအသင်းကိုသုံးပွဲ–ပွဲမရှိဖြင့်အနိုင်ရ ဗိုလ်စွဲသွားပြီး ပူးတွဲတတိယဆုကို ရန်ကုန်တိုင်းနှင့် စစ်ကိုင်းတိုင်းအသင်းတို့က ရရှိကြသည်။

အမျိုးသားပြိုင်ပွဲ ပထမဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်းဆုကြီး ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အမျိုးသမီး

အမျိုးသမီးပြိုင်ပွဲတွင် ယမန်နှစ် ချန်ပီယံ ဧရာဝတီတိုင်းအသင်းက ပထမရရှိပြီး ဒုတိယဆုကို ကယားပြည်နယ်ကလည်းကောင်း၊ ပူးတွဲတတိယဆုကို ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့က ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ဆုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အားကစားသမားဆု

ယခု ပြိုင်ပွဲတွင် အမျိုးသား အကောင်းဆုံးအားကစားသမားဆုကို မန္တလေးတိုင်းမှ အောင်ကျော်ထူးနှင့် အမျိုးသမီးအကောင်းဆုံးအားကစား သမားဆုကို ဧရာဝတီတိုင်းမှ နန်းခင် ရင်ထွေးတို့က ရရှိသွားသည်။

ဆုများချီးမြှင့်

ဆုများကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် တာဝန် ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ **(မြန်မာ့အလင်း)**

အီရတ်မှ အကြမ်းဖက်မှုများ အဆုံးသတ်ရေး ကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းအပေါ်မူတည်ဟု အီရန်ပြောကြား

တီဟီရန် ဩဂုတ် ၁၂

အီရတ်နိုင်ငံအတွင်း အကြမ်းဖက်မှုများ အဆုံးသတ်သွားရေးမှာ အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းအပေါ်တွင် မူတည်နေကြောင်း အီရန်က ဧည့်သည်တော် အီရတ်ဝန်ကြီးချုပ် မာလီကီအား ဩဂုတ် ၉ ရက်က ပြောကြားလိုက်သည်။

ပြည်တွင်း၌ နိုင်ငံရေး ရန်သူပိုင်းလာမှုနှင့် ရင်ဆိုင်လာရပြီး ဂိုဏ်းဂဏ အကွဲအပြဲကို ရင်ကြားစေ့အောင်မလုပ်နိုင်ဟု အမေရိကန်၏ဝေဖန်မှုကို ခံရသူ အီရတ်ဝန်ကြီးချုပ် မာလီကီမှာ အိမ်နီးချင်း အီရန်သို့ သွားရောက်စဉ် အီရန်နိုင်ငံ၏ ထောက်ခံမှုကို ရရှိလိုက်သည်။

ဆက်ဆံရေးကောင်းမွန်

ဆွန်နီအာရပ်တစ်ဦးဖြစ်သူ အီရတ်သမ္မတဆက်ဒမ်အား အမေရိကန်ဦးဆောင်သည့်တပ်များက ဖြုတ်ချသည့် ၂၀၀၃ ခုနှစ်ကတည်းက အီရန်နှင့် အီရတ် ဆက်ဆံရေးကောင်းမွန်လာသည်။

အပြစ်တင်

သို့သော် အီရတ်နိုင်ငံ၌ အကြမ်းဖက်မှုအချို့၏ နောက်ကွယ်တွင် အီရန်ရှိနေသည်ဟု အမေရိကန်စစ်ဘက်က စွပ်စွဲသည်။ အီရန်က လက်မခံဘဲ ငြင်းလိုက်ပြီးနောက် အင်အား ၁၆၂၀၀၀ရှိ အမေရိကန် တပ်ဖွဲ့ဝင်များ ရှိနေခြင်းကြောင့် ယခုကဲ့သို့ ဝရုန်းသုန်းကားဖြစ်ရသည်ဟု အီရန်က အမေရိကန်ကို အပြစ်တင်လိုက်သည်။

ဝင်ရောက်မစွက်ဖက်

အီရတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးမှာ သိမ်းပိုက်ထားသည့် ပြည်ပတပ်များ ရုပ်သိမ်းမှု၊ အီရတ်ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်မှု အပေါ်တွင် မူတည်ကြောင်း အီရန်က ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဗမ်ဘီယာ၏သတ္တုကဏ္ဍ၌ ပြည်ပရင်းနှီးမြှုပ်နှံမှုမြင့်တက်

လူဆာကာ ဩဂုတ် ၁၂

ဇမ်ဘီယာနိုင်ငံ၏ သတ္တုကဏ္ဍတွင် ရုရှားနှင့်ဂျာမနီနိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာလျက်ရှိကြောင်း ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးနှင့်စက်မှုလုပ်ငန်းအဖွဲ့က ဩဂုတ် ၉ရက်၌ သတင်းထုတ်ပြန်သည်။

လုပ်ကိုင်ခွင့်

နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများကို ဇမ်ဘီယာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပိုမိုလာရောက်လုပ်ကိုင်နိုင်ရန် မိမိတို့အခွင့်အရေးများစွာ ပေးထားကြောင်း၊ ၎င်းတို့အနေဖြင့် ဆန္ဒရှိရာ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ရင်းနှီးမြှုပ်နှံ

ယခုကဲ့သို့ နိုင်ငံခြားမှ အရင်းအနှီးများ တိုးတက်များပြားလာခြင်းသည် ဇမ်ဘီယာအစိုးရ၏ စီးပွားရေးဆိုင်ရာ မူဝါဒများကြောင့် ဖြစ်သည်။ အထူးသဖြင့် သတ္တုကဏ္ဍတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။

တိုးတက်

ထိုသို့ ပြည်ပအရင်းအနှီးများ ဝင်ရောက်ခဲ့မှုကြောင့် ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးလည်း တိုးတက်လာခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်၌ လုပ်ငန်းခွင်အတွင်း ပစ်ခတ်မှုဖြစ်ပွား နှစ်ဦးသေဆုံး

ဝါရှင်တန် ဩဂုတ် ၁၂

အမေရိကန်အနောက်အလယ်ပိုင်း အိုဟိုင်းအိုးပြည်နယ် ဝယ်လ်ဘရစ်ဒေသရှိ လုပ်ငန်းခွင်တစ်ခု၌ ဩဂုတ် ၈ရက် မွန်းလွဲပိုင်းက ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်။

သံသယရှိ

အဆိုပါပစ်ခတ်မှုတွင် ဟာဝိုင်ယီနယ်သားများ ဝတ်ဆင်လေ့ရှိသော ရုပ်အင်္ကျီကို ဝတ်ဆင်ထားသည့် ကပ္ပလီဆံပင်ပုံစံနှင့် လူမည်းတစ်ဦးကို သံသယရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်ခတ်မှု၏ အသေးစိတ်အကြောင်းအရာများကို ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကပြဖျော်ဖြေ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက ရိုးရာယဉ်ကျေးမှု အကများဖြင့် ကပြဖျော်ဖြေနေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရန် ပါလက်စတိုင်း သမ္မတနှင့် ဂျော်ဒန်ဝန်ကြီးချုပ် ဆွေးနွေး

အမ္မန် ဩဂုတ် ၁၂

ဂျော်ဒန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဂျော်ဒန်ဝန်ကြီးချုပ်မာရုဖ်ဘက်ဟစ်နှင့် ဩဂုတ် ၉ ရက်က တွေ့ဆုံကာ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာညီလာခံ ကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။

ထိုသို့ ဆွေးနွေးရာတွင် အစ္စရေးနှင့် ပါလက်စတိုင်း ပြဿနာများ၊ အကျဉ်းသားများ ပြန်လွှတ်ရေးကိစ္စရပ်များ၊ အနာဂတ်နိုင်ငံရေးဖြစ်စဉ်များကို လည်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ပါလက်စတိုင်းနှင့် အစ္စရေး နှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးဖြစ်စဉ်များ ပြန်လည်ကောင်းမွန်လာစေရန် နိုင်ငံတကာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဖြေရှင်းကြရေးနှင့် ပတ်သက်၍လည်း ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က ဆွေးနွေးခဲ့သည်။

ရှင်းလင်းပွဲ

ထိုသို့ တွေ့ဆုံဆွေးနွေးပြီး နောက် နှစ်နိုင်ငံခေါင်းဆောင်များက ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းပြခန်းတစ်ခု၌ ပန်နာဆိုးနစ်ကုမ္ပဏီမှ အသစ်ထပ်မံထုတ်လုပ်လိုက်သည့် ရုပ်မြင်သံကြားပြစက်များအား အရောင်းဝန်ထမ်းများက ပြသနေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူဘေးပြည်နယ် ဝူဟန်မြို့တွင် ရေလွှမ်းမိုးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အသစ်များအား ရေကူးသင်တန်း ပို့ချပေးနေသည်ကို ဩဂုတ် ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်းပတ္တနီပြည်နယ်၌ အဘိုးအိုနှစ်ဦး အသတ်ခံရ

ဗန်ကောက် ဩဂုတ် ၁၂

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တနီပြည်နယ် ယာရင်းခရိုင်၌ ဩဂုတ် ၈ရက်ညက အကြမ်းဖက်သမား ၁၀ဦးခန့်က သက်ကြီးရွယ်အိုနှစ်ဦးကို သတ်ပစ်လိုက်ကြောင်း ထိုင်းသတင်းဌာနက ဩဂုတ် ၉ ရက်တွင် ကြေညာသည်။

အသတ်ခံရသူနှစ်ဦးမှာ နိုအီဆန်အမ်ပိုင်(၈၄)နှစ်နှင့် ဂျစ်တက်ချာဝမ်တို(၇၃)နှစ်ဆိုသူ အဘိုးအိုနှစ်ဦးဖြစ်ပြီး ၎င်းတို့၏ နေအိမ်နှစ်လုံးကိုလည်း အကြမ်းဖက်သမားတို့က မီးရှို့ဖျက်ဆီးသွားသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်

ထိုအတောအတွင်း အကြမ်းဖက်သမားများသည် စာသင်ကျောင်း နှစ်ကျောင်းကို မီးရှို့သွားပြီး လျှပ်စစ်ဓာတ်အားပေးတိုင်တစ်တိုင်ကိုပါ ဖြိုလှဲလိုက်သည့်အတွက် ခေတ္တမျှ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်ဟု ဆိုသည်။

ပတ္တနီပြည်နယ်နှင့် အနီးအနား ယာလာပြည်နယ်၊ နာရာသီဝပ်ပြည်နယ်တို့တွင် နေ့စဉ်လိုပင် အကြမ်းဖက်သမားများ သောင်းကျန်းလျက်ရှိကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စည်းစိမ်ဥစ္စာပစ္စည်းများ အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးနိုင် ပြန်လည်ထူထောင်နိုင်ရေး အာမခံစနစ်ထားရှိရန် လိုအပ်

အာမခံထားရှိမှုကြောင့် အကျိုးကျေးဇူး ကြီးမားစွာရနိုင်

ရန်ကုန် ဩဂုတ် ၁၂

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီး၌ လူတိုင်း စားဝတ်နေရေးအတွက် အလုပ်လုပ်ကြရသည်။ စီးပွားရှာကြသည်။ လူတစ်ဦး၊ မိသားတစ်စုမှသည် နိုင်ငံတစ်နိုင်ငံအထိ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် နေ့မအား၊ ညမနား အလုပ်လုပ်ကိုင်ရလျက်ရှိသည်။

အာမခံစနစ်

ထိုသို့ ကြိုးစားရှာဖွေစုဆောင်းထားသော ငွေကြေး၊ ဥစ္စာ၊ ဓန၊ ပစ္စည်းများ၊ အိုးအိမ် အဆောက်အအုံများနှင့် စီးပွားရေး လုပ်ငန်းများမှာ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးသွားနိုင်သည်ဖြစ်ရာ ယင်းမှ ပြန်လည် ထူထောင်နိုင်ရန်အတွက် အာမခံစနစ်ထားရှိရန် လိုအပ်လာသည်။

အကျိုးကျေးဇူး

ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများမှာ တစ်နှစ်ထက်တစ်နှစ် ဆိုးရွားပြင်းထန်လာရာ နိုင်ငံတကာ၌ အာမခံထားမှုစနစ်ကိုတွင်တွင်ကျယ်ကျယ် အသုံးပြုလာနေကြပြီဖြစ်သည်။ အာမခံထားရှိမှုကြောင့် အကျိုးကျေးဇူးကြီးမားစွာ ရရှိကြသည်ကိုလည်း သိရှိနေကြရာ အာမခံထားရှိမှုအပေါ် ယုံကြည်အားကိုးမှုများလည်း ယခင်ကထက် ပိုရှိလာကြသည်။

ဥပမာ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် မုန်တိုင်းဒဏ်ခံရပြီးနောက်ပိုင်း ပြည်သူများက အာမခံထားရှိမှု များပြားခဲ့ရာ အာမခံကုမ္ပဏီများ လက်မခံနိုင်အောင်ပင် များပြားခဲ့သဖြင့် အစိုးရက ဝင်ရောက်တာဝန်ယူပေးခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ထိုသို့ ဖြစ်ရခြင်းမှာ သဘာဝဘေး အန္တရာယ်ဒဏ်ကြောင့် ဆုံးရှုံးမှုများကို အာမခံစနစ်နှင့် အကာအကွယ်ယူခြင်းပင် ဖြစ်သည်။

သဘာဝဘေးအန္တရာယ်

ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ်များကို ကုစားနိုင်သည့် စနစ်မှာ အာမခံစနစ်ပင်ဖြစ်ရာ သဘာဝဘေးအန္တရာယ်များ ပိုမိုကျရောက်လေ အာမခံထားရလေပင် ဖြစ်သည်။

အားသာချက်

မြန်မာနိုင်ငံ အာမခံစနစ်သည် မရှုပ်ထွေး၊ ရှင်းလင်းလွယ်ကူအောင် ပြုလုပ်ထားသည်။ နိုင်ငံတကာမှ အာမခံစနစ်ထားရှိမှုများနှင့် နှိုင်းယှဉ်လျှင် များစွာ အားသာချက်ရှိသည်။ မြန်မာနိုင်ငံ၏ အာမခံစနစ်ကို အာဆီယံနိုင်ငံများ၏ အာမခံစနစ်နှင့် နှိုင်းယှဉ်ဆန်းစစ်ခဲ့ရာတွင် မြန်မာ့အာမခံစနစ်မှာ လျော်ကြေးပေးမှု၊ အာမခံလက်ခံထားရှိမှု၊ တစ်ဆင့်ခံ အာမခံထားမှုနှင့် အာမခံထားရှိမှု အမျိုးအစား ပိုများကြောင်း၊ ပိုပြီး ကောင်းမွန်ကြောင်း မှတ်ချက်ပြုခဲ့သည်။

သင်္ဘောသားအသက်အာမခံ

ဥပမာ သင်္ဘောသား အသက်အာမခံထားရှိမှုတွင် မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် တစ်နှစ်သက်တမ်းပေးထားသည်။ ထိုတစ်နှစ်သက်တမ်းမှာ သင်္ဘောသားအနေဖြင့် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ချိန်သာမက တာဝန်မဟုတ်သော အခြားအချိန်ကာလများ၌လည်း အကျုံးဝင်သည်။ အာမခံထားသော သင်္ဘောသားတစ်ဦးသည် သင်္ဘောပေါ်၌ မဟုတ်ဘဲ မိမိနေရပ်၌ ရှိနေစဉ်အချိန်များတွင် မိမိကိုယ်မိမိ သတ်သေခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် သေဆုံးခြင်း၊ ရာဇဝတ်မှုကြောင့် သေဆုံးခြင်းတို့မှအပ ကျန်သေဆုံးမှုများအတွက် အာမခံလျော်ကြေးရရှိမည် ဖြစ်သည်။

နိုင်ငံခြား အာမခံကုမ္ပဏီများ၌မူ သင်္ဘောသားအသက် အာမခံပေးရာတွင် အာမခံသက်တမ်း ခြောက်လ၊ သုံးလ စသည်ဖြင့်သာပေးပြီး ထိုသို့ အာမခံပေးရာတွင်လည်း သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ချိန် အတွင်းသာ ပေးကြသည်။ သင်္ဘောပေါ်တွင် ရှိနေပြီး တာဝန်ချိန်မဟုတ်လျှင် အာမခံလျော်ကြေး မပေးကြချေ။ အလုပ်လုပ်ကိုင်ချိန်အတွင်းဖြစ်ပွားမှုသာပေးတတ်ကြသည်။

သတ်မှတ်

ထို့အပြင် နိုင်ငံခြားအာမခံကုမ္ပဏီများက အသက်အာမခံရှိသူ၏ သေဆုံးသွားသော အလောင်းကိုရှာဖွေမှု အချိန်ကို သုံးနှစ်အထိ ထားရှိကြပြီးမှ အာမခံလျော်ကြေး ပေးကြသော်လည်း မြန်မာနိုင်ငံ၌မူ အလောင်းရှာမတွေ့မှုကို အချိန်နှစ်နှစ်သာ သတ်မှတ်ပေးထားသည်။

အချိန်ကြာမြင့်

ထို့အတူ အာမခံလျော်ကြေးပေးရာတွင်လည်း နိုင်ငံခြား အာမခံကုမ္ပဏီများက အမျိုးမျိုးအကြောင်းပြချက်များဖြင့် အချိန်ကြာမြင့်အောင်ဆွဲထားတတ်ကြသည်။ မြန်မာ့အာမခံလုပ်ငန်းကမူ အချက်အလက် ပြည့်စုံလျှင် တစ်ပတ်အတွင်း အာမခံလျော်ကြေး ပေးနိုင်အောင် ဆောင်ရွက်ထားသည်ဖြစ်ရာ မြန်ဆန်လှသည်။

မြွေအန္တရာယ်

တစ်ဖန် မြွေအန္တရာယ် အာမခံထားရှိမှုစနစ်ပင်ဖြစ်သည်။ ထိုအာမခံစနစ်မျိုးမှာ နိုင်ငံခြား ကုမ္ပဏီများ၌မရှိချေ။ မြန်မာနိုင်ငံတွင်သာ ရှိနေခြင်းဖြစ်သည်။

လျော်ကြေးငွေ

မြွေအန္တရာယ် အာမခံထားမှုကာလမှာ တစ်နှစ်ဖြစ်သည်။ မြွေအန္တရာယ်အာမခံထားသူသည် တစ်နှစ်အတွက် ငွေကျပ် ၅၀၀ ထားရှိလျှင် မြွေအန္တရာယ်ကြောင့် အသက်ဆုံးရှုံးခဲ့ပါက အာမခံလျော်ကြေးငွေ ကျပ်ငါးသိန်းရရှိမည် ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ မြွေအန္တရာယ်ကြောင့် ဆေးဝါးကုသမှု ခံယူရလျှင် အာမခံလျော်ကြေးငွေကျပ် ရှစ်သောင်းအထိ ရရှိနိုင်မည်ဖြစ်သည်။

အကျိုးရလဒ်

ထိုသို့ ကုသစရိတ် လျော်ကြေးငွေများ ရရှိခဲ့သဖြင့် မြွေကိုက်ခံရမှုကြောင့် သေဆုံးသူအရေအတွက် လျော့နည်းသွားသည်။ အာမခံထားရှိမှု၏ အကျိုးရလဒ်များဖြစ်ရာ နိုင်ငံတကာတွင် မရှိသည့် အာမခံစနစ်အမျိုးအစားတစ်ခုပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတကာနှင့် ယှဉ်လျှင် မြန်မာ့အာမခံ လုပ်ငန်းစနစ်သည် လွယ်ကူလျင်မြန်ပြီး ထိရောက်သော အကျိုးစီးပွား ကာကွယ်မှုကို ပေးစွမ်းနိုင်သည့် ယုံကြည်အားကိုးစရာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

လျော်ကြေးများပေး

ရန်ကုန်တိုင်း လှိုင်သာယာ စက်မှုဇုန် အထည်ချုပ်စက်ရုံတစ်ရုံ မီးလောင်မှု ဖြစ်ပွားခဲ့မှုကြောင့် မြန်မာ့အာမခံလုပ်ငန်းက ဤသို့ အာမခံ လျော်ကြေးများ ပေးခဲ့သည်။

NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံမှုမရှိတော့သဖြင့် လှိုင်သာယာနှင့် ကြည့်မြင်တိုင်မြို့နယ်တို့မှ ပါတီဝင်ငါးဦးနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးတက်တိုး၊ ဦးမောင်ဌေးနှင့် ဦးမြင့်လွင်၊ ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်မြရီနှင့် ဒေါ်စိန်ငွေတို့သည် ဩဂုတ်၃ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လှိုင်သာယာမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို ထောက်ခံခြင်းမရှိတော့သဖြင့် ၎င်းတို့ သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

မီးစက်ဆူညံသံ နားမခံနိုင်

စာတည်းရှင့်–

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၄ရပ်ကွက် သီဂီလမ်းရှိ မီးစက်သည် အသံလုံခန်းမရှိဘဲ အလွန်ဆူညံသည့်အတွက် ပတ်ဝန်းကျင်နေသူများ ကောင်းစွာ အိပ်၍ မရပါ။ သို့ပါ၍ ၎င်းမီးစက် မောင်းနှင်ခြင်းကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

မြောင်းပုပ်မှအနံ့ဆိုး ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၂)ရပ်ကွက် ၇၂လမ်း x ခိုင်ရွှေဝါလမ်းထောင့်ရှိ မုန့်တီဖိုမှအနံ့ဆိုးများနှင့် မြောင်းပုပ်မှအနံ့ဆိုးများကို ပတ်ဝန်းကျင်ရှိရပ်ကွက်ပြည်သူများ နေ့စဉ်ရှူရှိုက်နေရပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း ဝေါမြို့နယ်ရှိ (ဝေါ–ပဲခူး)ယာဉ်လိုင်းမှ ယာဉ်အချို့သည် သတ်မှတ်ထားသော ခရီးစဉ်အတွက် စက်သုံးဆီကို နေ့စဉ်ပုံမှန်ထုတ်ယူသော်လည်း ဝေါ–ပဲခူးခရီးစဉ်အတိုင်း ခရီးသည်များ တင်ဆောင်ပြေးဆွဲခြင်းမရှိဘဲ အခြားခရီးစဉ်များတွင် ကုန်စည်ပို့ဆောင်လျက်ရှိပါသည်။ သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်တစ်ဦး

ကွမ်းယာဆိုင်များ ဖယ်ရှားပေးပါ

စာတည်းရှင့်–

ရန်ကင်းမြို့နယ် သစ္စာလမ်းနှင့် ကျောက်ကုန်းလမ်းထောင့်ရှိ စားသောက်ဆိုင်ရှေ့ တိုက်မျက်နှာစာတွင် ရောင်းချနေသည့် ကွမ်းယာဆိုင်များကြောင့် တိုက်ဝင်ပေါက်လမ်းတစ်လျှောက် ကွမ်းတံတွေးများဖြင့် မြင်မကောင်းဖြစ်နေခြင်း၊ ကွမ်းတံတွေးများကြောင့် အဝတ်အစားများ ပေကျံခြင်းတို့ မကြာခဏဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

မြို့ရှောင်လမ်းတွင် ရေထွက်ပေါက်များ ဖောက်ပေးစေလို

စာတည်းခင်ဗျား–

မအူပင်မြို့ မြို့ရှောင်လမ်းတွင် ရေထွက်ပေါက်များ မရှိသဖြင့် မိုးရေတို့သည် ရေလဲလမ်းဘေးရှိ (ယခင်မြောင်းဟောင်း) တစ်ခုတည်းသော မြောင်းမှာ ရေစီးမကောင်း၍ အိမ်များ၊ လမ်းများ ရေနစ်မြုပ်ခြင်းကို နှစ်စဉ် ကြုံတွေ့နေရပါသည်။

သို့ပါ၍ ရေထွက်ပေါက်များ မြို့ရှောင်လမ်းတွင် ဖောက်ပေးပါရန် တင်ပြအပ်ပါသည်။

မအူပင်သား

ကျောက်ခဲ့စက် ရွှေ့ပြောင်းပေးပါ

စာတည်းခင်ဗျား–

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စု ကျုံကမိစုကျေးရွာ ကုန်းပေါ်လမ်း လူနေအိမ်ခြေများကြားတွင် တရားမဝင် ကျောက်ခွဲစက်များ အသံဆူညံစွာ ကြိတ်ခွဲနေပါသဖြင့် ဖုန်၊သဲ၊ခဲများကြောင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ရပါသည်။ သို့ဖြစ်ပါ၍ ယင်းကျောက်ခွဲစက်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

ပေါက်တောသား

ကျန်စစ်သားလမ်းမကြီး ဆက်လက်ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက်အတွင်းရှိ ကျန်စစ်သားလမ်းမကြီးမှာ ချိုင့်ခွက်၊ ရေအိုင်ကြီးများဖြစ်ကာ ပျက်စီးနေသဖြင့် မကြာမီက လာရောက်ပြုပြင်ပေးခဲ့ပါသည်။

သို့သော်လည်း လမ်းမကြီးမှာ ထပ်မံပျက်စီးလျက်ရှိပါသဖြင့် စနစ်တကျ ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

(၇၀)ရပ်ကွက်သားများ

အမှိုက်ပုံ ရှင်းလင်းဖယ်ရှားပြီးစီး

၂–၇–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပခုက္ကူမြို့ အမှတ် ၁၀ရပ်ကွက်နှင့် အမှတ် ၁၃ရပ်ကွက်ထောင့် ကမ်းနားလမ်းရှိ အမှိုက်ပုံများ ဖယ်ရှားပေးပါ** ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ကားဘော်ဒီ စက်ပြင်အလုပ်ရုံ ရှင်းလင်းပြီးစီး

၁၈–၆–၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုသိမ်မြို့ အမှတ် (၈)ရပ်ကွက် သရောင်းချောင်းလမ်းရှိ ကားဘော်ဒီစက်ပြင် အလုပ်ရုံနှစ်ရုံကြောင့် ပတ်ဝန်းကျင် အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

ကိုထွေးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း) - စုစည်းတင်ဆက်သည်

ရန်ကုန် ဩဂုတ် ၁၂

အာဆီယံရဲတပ်ဖွဲ့ဝင်အသင်းများ ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက တရုတ်(ယူနန်)ကို အနိုင်ရရှိ

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ) အနှစ် (၄၀)ပြည့် အထိမ်းအမှတ်နှင့် ဗီယက်နမ်နိုင်ငံရဲတပ်ဖွဲ့(၄၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် အာဆီယံရဲတပ်ဖွဲ့ဝင် ဘောလုံးအသင်းများ ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ ဟန္ဓိုင်းမြို့နှင့် နန်ဒင်းမြို့တို့၌ ဇူလိုင် ၃၁ရက်မှ ဩဂုတ် ၁၅ရက်အထိ ကျင်းပလျက်ရှိသည်။

သွင်းယူ

ဩဂုတ် ၁၁ရက်က ဟန္ဓိုင်းမြို့ Hang Day Stadium ၌ အုပ်စု(က)ပွဲစဉ်အဖြစ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းနှင့်တရုတ်(ယူနန်) ရဲတပ်ဖွဲ့အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းတွင် အလွတ်တည်ကန်ဘောမှ တစ်ဆင့် တိုက်စစ်မှူး စည်သူဝင်းက သွင်းယူပေးသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းသည် မလေးရှားရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ တရုတ်(ယူနန်) အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး လာအိုရဲတပ်ဖွဲ့အသင်းကိုနှစ်ဂိုး–ဂိုးမရှိ၊ ဗီယက်နမ်ရဲတပ်ဖွဲ့အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်၊ လာအိုရဲတပ်ဖွဲ့အသင်းက နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ခြောက်မှတ်ရရှိကြရာ ခြောက်မှတ်စီတူညီသော်လည်း ဂိုးကွာခြားချက်အရ လာအိုရဲတပ်ဖွဲ့အသင်းက အုပ်စုဒုတိယ ရရှိသွားသည်။ အိမ်ရှင်ဗီယက်နမ် ရဲတပ်ဖွဲ့အသင်းက အုပ်စုပထမ ရရှိသွားသည်။

ပဏာမမြန်မာ့လက်ရွေးစင်က လယ်ယာ/ဆည်မြောင်းကိုနိုင်

(၃၉)ကြိမ်မြောက် မာဒေးကား ဖလားဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ လယ်ယာ/ဆည်မြောင်းအသင်းတို့၏ ခြေစမ်းဘောလုံးပြိုင်ပွဲ ကို ဩဂုတ် ၁၀ရက် ညဖနောရီက ရန်ကုန်မြို့ လှိုင်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ ပဏာမမြန်မာ့လက်ရွေးစင် ဘောလုံးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်

မူလက ဩဂုတ် ၁၀ရက်တွင် ပဏာမမြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့်အဆင့်မြင့်တန်းမှ Royal Elevenဘောလုံးအသင်းတို့ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ခဲ့သော်လည်း Royal Elevenအသင်း လာရောက် ယှဉ်ပြိုင်ခြင်းမရှိ၍ လယ်ယာ/ဆည်မြောင်းအသင်းနှင့် အစားထိုး ယှဉ်ပြိုင်ရခြင်းဖြစ်သည်။

ပဏာမ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏အပြီးသတ် ဆန်ခါတင် လူ၁၈ဦးစာရင်းကို ထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ တိုက်စစ်မှူးများဖြစ်ကြသည့် စည်သူဝင်း (ပြည်ထဲရေး)နှင့် အောင်ကျော်မျိုး(စွမ်းအင်) တို့အား ထပ်မံအင်အားဖြည့်တင်းလိုက်ကြောင်း သိရသည်။

ပြည်နယ်၊ တိုင်း အလေးမပြိုင်ပွဲ

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှကြီးမှူး၍ (၃၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အလေးမပြိုင်ပွဲကို စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ (ယူ–၁၇)အသင်းက လယ်ယာ/ဆည်မြောင်းကိုနိုင်

ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ် ၁၉ရက်မှ စက်တင်ဘာ ၁ရက်အထိ ကျင်းပမည့် အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အသက်(၁၇)နှစ်အောက် မြန်မာလူငယ် ဘောလုံးအသင်းနှင့် အဆင့်မြင့်တန်းမှ လယ်ယာ/ဆည်မြောင်း အသင်းတို့၏ ခြေစမ်းပွဲကို ဩဂုတ် ၁၁ရက် နံနက် ၇နာရီခွဲက လှိုင်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏလေ့ကျင့်ရေးကွင်းအမှတ်(၂)၌ ယှဉ်ပြိုင်ကစားရာ အသက် ၁၇နှစ်အောက်မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းက လေးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

ပါဝင်

အားကစားသမားများအဖြစ် (ဂိုး) ကျော်ကိုကို၊ အောင်ဝေဖြိုး၊ (နောက်တန်း) ရဲဝင်းမြင့်၊ ငြိမ်းထူးကျော်၊ သက်နိုင်စိုး၊ နိုင်စိုးဝေ၊ ထွန်းမင်းစိုး၊ ငြိမ်းချမ်းအောင်၊ (အလယ်တန်း) ဇော်လင်းထက်၊ သက်နိုင်၊ အောင်ကိုကိုဝင်း၊ ဖြိုးမောင်မောင်ကျော်၊ အောင်သက်ပိုင်၊ (ရှေ့တန်း)ကောင်းထက်အောင်၊ ညီညီမင်း၊ မျိုးကျော်၊ ခင်ဇော်၊ အာကာစိုးတို့ ပါဝင်ကြသည်။

ရေးဆွဲ

အာဆီယံ အသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များရေးဆွဲထားရာ ဩဂုတ် ၂၂ရက်တွင် မြန်မာလူငယ်နှင့်စင်ကာပူလူငယ်၊ ဩဂုတ် ၂၄ရက်တွင် မြန်မာလူငယ်နှင့်ဗီယက်နမ်လူငယ်၊ ဩဂုတ် ၂၆ရက်တွင် မြန်မာလူငယ်နှင့်လာအိုလူငယ်၊ ဩဂုတ် ၂၈ရက်တွင် မြန်မာလူငယ်နှင့်အရှေ့တီမောလူငယ်တို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မြန်မာ(ယူ–၁၇)အသင်းသည် ဩဂုတ် ၁၇ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်နှင့်တိုင်း ဘော်လီဘောပြိုင်ပွဲ

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှကြီးမှူး၍ (၃၇)ကြိမ်မြောက် ပြည်နယ်နှင့် တိုင်း ဘော်လီဘောပြိုင်ပွဲများကို စက်တင်ဘာ ၃၀ရက်မှ အောက်တိုဘာ ၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပမည်ဖြစ်သည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည့်ရက်

မြန်မာနိုင်ငံ အိုလံပစ် ကော်မတီ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ကြီးမှူး၍ (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲကို စက်တင်ဘာ၁၄ရက်မှ ၂၃ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပိုက်ကျော်ခြင်း အားကစားသမားများ ကြိုတင်ပြင်ဆင်နိုင်ရန် နှိုးဆော်ထားသည်။

ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဂျူဒိုပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှစ၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာနဂျူဒိုအသင်းများသည် စက်တင်ဘာ ၁၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး (ဂျူဒိုအဖွဲ့ချုပ်၊ အမျိုးသားရေကူးကန်)ထံ အမည်စာရင်းများ ပေးပို့နိုင်သည်။

ချန်ပီယံမန်ယူ ပွဲထွက်မလှ၊ ရက်ဒင်းနှင့် သရေပွဲကြုံ ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ ပွဲဦးသုံးမှတ်စီရ

လန်ဒန် ဩဂုတ် ၁၂

ပရီမီယာလိဂ် ထိပ်သီးအသင်းကြီးများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီးနှင့် အာဆင်နယ်အသင်းတို့၏ ယခုနှစ်ပရီမီယာလိဂ် ပွဲစဉ်(၁)ကို ဩဂုတ် ၁၂ရက်က ကစားခဲ့ရာ အာဆင်နယ်နှင့် ဖူလ်ဟမ်တို့ပွဲ တွင် အာဆင်နယ်က နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ပွဲ၌ ချယ်လ်ဆီးက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ချန်ပီယံမန်ယူနှင့် ရက်ဒင်းတို့ပွဲမှာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။

မန်ယူနှင့် ရက်ဒင်း

ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်ယူသည် အိမ်ကွင်း၌ ရက်ဒင်းကို ခက်ခဲစွာကစားခဲ့ရသည်။ ဖာဂူဆန်က မန်ယူကို ၅–၄–၁ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်တွင် ရွန်နေတစ်ဦးတည်းထားကာ ကွင်းလယ်၌ ပေါလ်စခိုး၊ စီရိုနယ်ဒို၊ ဂစ်နှင့် မိုက်ကယ်ကာရစ်တို့ အပြည့်ထားပြီး ကစားစေခဲ့သည်။

အောင်ပွဲခံ

ချယ်လ်ဆီးနှင့် ဘာမင်ဂမ်တို့ပွဲတွင် အက်စီယန် ဂိုးသွင်းပြီးနောက် ချယ်လ်ဆီးတို့ ဤသို့ အောင်ပွဲ ခံခဲ့သည်။

(ဓာတ်ပုံ– အင်တာနက်)

ရက်ဒင်းကလည်း ၅–၄–၁ အခင်းအကျင်းဖြင့် ရင်ဆိုင်ခဲ့ပြီး တိုက်စစ်မှူး ဒွိုင်လီကို တစ်ဦးတည်းအထောင်ထားကာ တိုက်စစ်ဆင်စေခဲ့သည်။ မန်ယူသည် ဘောလုံးပိုင်ဆိုင်မှုများများဖြင့် မနားတမ်းတိုက်စစ်ဆင် ဂိုးသွင်းခဲ့သော်လည်း ဂိုးမရရှိဘဲဖြစ်ခဲ့ရသည်။ ပွဲချိန် ၄၆မိနစ်တွင် ရွန်နေ ဒဏ်ရာရရှိသွားသဖြင့် နာနီနှင့် အစားထိုး ကစားစေခဲ့သည်။

မန်ယူတို့ကစားကွက်ကို ထိန်းချုပ်ကစားနိုင်ပြီး တစ်ဖက်သတ်ဖိကစားခဲ့သော်လည်း ရက်ဒင်းတို့က ခံစစ်ကို ဦးစားပေးကစားခဲ့သဖြင့် မန်ယူတိုက်စစ်မှူးများ အခက်အခဲတွေ့ခဲ့ရသည်။

မန်ယူမှ စီရိုနယ်ဒို၊ ဂစ်၊ ပေါလ်စခိုးတို့ ကန်သွင်းချက်များကိုလည်း ရက်ဒင်းဂိုးသမား မာကပ်စ်က လက်စွမ်းပြကာကွယ်ခဲ့သဖြင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။ ၇၃ မိနစ်တွင် ရက်ဒင်းက ကစ်ဆွန်ကြမ်းတမ်းစွာကစားမှုကြောင့် အနီကတ်ပြ အထုတ်ခံရပြီး ၁၀ယောက်တည်းနှင့် ပိတ်ဆို့ကစားသွားခဲ့သဖြင့် မန်ယူတို့ ပွဲဦး၌ ဂိုးမရှိသရေပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

အာဆင်နယ်နှင့် ဖူလ်ဟမ်

အဖွင့်ပွဲ၌ အာစင်ဝင်းဂါးသည် ၅–၄–၁ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်မြားဦးကို ဗန်ပါစီ တစ်ဦးတည်းထားရှိခဲ့သည်။ ကွင်းလယ်တွင် ရိုဆစ်စကီး၊ ဟဲဘ်၊ ဖလာမီနီနှင့် ဖာဘရီဂတ်စ်တို့ကို ထားရှိခဲ့ပြီး တိုက်စစ်ကို ကွင်းလယ်မှ စတင်ကာ ဖူလ်ဟမ်အသင်းဘက်သို့ ဖိကစားခဲ့သည်။

သွင်းယူ

အာဆင်နယ်နှင့် ဖူလ်ဟမ်တို့ပွဲတွင် ပယ်နယ်တီ ပြစ်ဒဏ်ဘောကို ဗန်ပါစီ ဤသို့ ကန်သွင်းယူခဲ့သည်။

(ဓာတ်ပုံ– အင်တာနက်)

အာဆင်နယ်တို့ အိမ်ကွင်းဖြစ်သော်လည်း ဖူလ်ဟမ်က ပွဲအစ တစ်မိနစ်မှာပင် တိုက်စစ်မှူး ဒေးဗစ်ဟေလီက အဖွင့်ဂိုးစောစီးစွာ သွင်းယူလိုက်ရာ အာဆင်နယ်တို့အငိုက်မိသွားခဲ့သည်။ အာဆင်နယ်အသင်း ချေပဂိုးရရှိရေး တိုက်စစ်ဖွင့်ကစားခဲ့ရာ ဂိုးသွင်းခွင့် ၂၁ကြိမ်ရရှိခဲ့သော်လည်း ဗန်ပါစီ၊ ရိုဆစ်စကီးနှင့် ဖာဘရီဂတ်စ်တို့ ဂိုးသွင်း မမှန်ခဲ့မှုကြောင့် ချေပဂိုး မသွင်းနိုင်ဘဲဖြစ်ခဲ့ရသည်။ အာဆင်နယ်သည် ဒုတိယပိုင်းပွဲချိန် ၆၂မိနစ်တွင် အီဘူးအစား ဝီလ်ကော့၊ ရိုဆစ်စကီးအစား ဘင်နာတို့ကို ထည့်သွင်းကစားစေခဲ့ရာ ကစားကွက် ပြန်စီးမိလာခဲ့ရာမှ ၈၄မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘောကို ဗန်ပါစီ ကန်သွင်းခဲ့သဖြင့် ချေပဂိုးရရှိခဲ့ခြင်း ဖြစ်သည်။

ထို့နောက်အာဆင်နယ်တို့ အနိုင်ဂိုး ဆက်လက်ရရှိရေးအတွက် ဖိကစားခဲ့ရာ မိနစ်၉၀တွင် အာဆင်နယ် ကွင်းလယ်ကစားသမား အလက်ဇန္ဒားဟဲဘ်က အနိုင်ဂိုးသွင်းယူခဲ့သဖြင့် အာဆင်နယ်တို့ ကံကောင်းစွာ အနိုင်ရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် ဘာမင်ဂမ်

နာမည်ကြီးချယ်လ်ဆီးတို့ အိမ်ကွင်း၌ ကစားရသောပွဲစဉ်(၁)ကို အတန်းတက် ဘာမင်ဂမ်တို့၏ ဦးဆောင်ဂိုးသွင်းယူပြီးမှ ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးကို ၄–၄–၂ ပုံစံဖြင့် ကစားစေခဲ့ပြီး တိုက်စစ်အတွဲအဖြစ် ကာလူးနှင့် ပီဇာရိုတို့ကို ပွဲထုတ်ခဲ့သည်။ ကွင်းလယ်တွင် အက်စီယန်၊ လမ်းပတ်၊ မာလူဒါနှင့် ရိုက်ဖီးလစ်တို့ကိုထားကာ ဘာမင်ဂမ်အသင်းဘက်သို့ ကွင်းလယ်ကစားကွက်အသာဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။

သို့သော် တိုက်စစ်မှူး ဖော်ဆဲလ် တစ်ဦးတည်းထားကာ ပွဲထွက်လာသော ဘာမင်ဂမ်တို့က ပွဲချိန် ၁၅ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ဖော်ဆဲလ်က အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

ချယ်လ်ဆီးတို့က ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ခဲ့ရာ ၁၇ မိနစ်၌ပင် တိုက်စစ်မှူး ပီဇာရိုက ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ဘာမင်ဂမ်သည် ချယ်လ်ဆီးအိမ်ကွင်း၌ ကစားရသော်လည်း ခြေရည်တူကစားနိုင်ခဲ့သည်။

ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို ၃၁ မိနစ်၌ မာလူဒါက သွင်းယူပေးခဲ့သော်လည်း ၃၆ မိနစ်၌ ဘာမင်ဂမ် ကွင်းလယ်ကစားသမား ကာပိုက ချေပဂိုးသွင်းယူသွားခဲ့သဖြင့် ပထမပိုင်းတွင် နှစ်ဂိုးစီ သရေကျနေသည်။

ဒုတိယပိုင်း မိနစ် ၅၀တွင် ချယ်လ်ဆီးအတွက် တတိယဂိုးကို ကွင်းလယ်ကစားသမား အက်စီယန်က သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးက ၆၂ မိနစ်တွင် ပီဇာရိုအစား ဒရော့ဘာ၊ အက်စီယန်အစား မီခေးလ်နှင့် မာလူဒါ အစား ဆစ်ဝဲလ်တို့ ထည့်သွင်းကစားစေခဲ့သော်လည်း ဂိုးထပ်မံမသွင်းနိုင်ဘဲ ချယ်လ်ဆီးတို့သုံးဂိုး–နှစ်ဂိုးဖြင့် ပွတ်ကာသီကာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ။ **(ကိုးကား–အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ် အဖွင့်ပွဲစဉ်၌ နိုင်ပွဲရခဲ့ကြသော နည်းပြများ၏ ဖွင့်ဟစကားသံ

သုံးသပ်တင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဩဂုတ် ၁၂

ဒီနှစ် ပရီမီယာလိဂ်ရာသီအဖွင့် ပွဲစဉ်(၁)ကို ဩဂုတ် ၁၁ရက်က ကစားပြီးတဲ့အခါ ကမ္ဘာ့ဘောလုံးပရိသတ်တွေ စိတ်ဝင်စားနေတဲ့ လီဗာပူး၊ မန်စီးတီးနဲ့ ဆန်းဒါးလန်းအသင်းတွေဟာ နိုင်ပွဲတွေရရှိခဲ့တာမို့ ရာသီအစမှာ မျက်နှာပန်းလှခဲ့ကြပြီ ဖြစ်ပါတယ်။

အများကြီး ပြုပြင် ပြင်ဆင်ရဦးမည်ဟု ဘင်နီတက်ဇ်က ပြောကြားခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

ဒီနှစ်မှ ပရီမီယာလိဂ်နည်းပြ အတွေ့အကြုံယူကြတဲ့ ဆန်းဒါးလန်းနည်းပြ ရွိုင်းကိန်းနဲ့ မန်စီးတီးနည်းပြ အဲရစ်ဆင်တို့အပြင် ဒီနှစ်ပရီမီယာလိဂ် ဖလားအရယူဖို့ ကြိုးစားနေတဲ့ လီဗာပူးနည်းပြ ဘင်နီတက်ဇ်တို့ရဲ့ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွေမှာ အနိုင်ရယူခဲ့ပြီးနောက် ရင်ဖွင့်စကားတွေကို အခုလို ပြောခဲ့ကြပါတယ်။

တိုက်စစ်ဆင်

အက်စတွန်ဗီလာကို အဝေးကွင်းမှာ အနိုင်ယူခဲ့တဲ့ လီဗာပူးအသင်းဟာ ပွဲစဉ်(၁)မှာ သုံးမှတ်အပြည့်ရယူသွားနိုင်ခဲ့ပါတယ်။ ဒီပွဲနှင့် ပတ်သက်ပြီး လီဗာပူးနည်းပြ ဘင်နီတက်ဇ်က **"ဒီပွဲမှာ ကျွန်တော်တို့အသင်း ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အချိန် တော်တော်များများ ကျွန်တော့်လူတွေ တိုက်စစ်ဆင်ကစားနိုင်ခဲ့ကြပြီး ဂိုးသွင်းဖို့ အခွင့်အရေးလဲ ရရှိခဲ့ကြပါတယ်။ ဒီလို ဂိုးသွင်းဖို့ အခွင့်အရေးတွေ ရရှိခဲ့ပေမယ့် ဗီလာ ဂိုးသမားကာကွယ်နိုင်လို့သာ ဂိုးများများ မရရှိခဲ့တာပါ။ ဒါပေမယ့် ကျွန်တော့် တိုက်စစ်မှူးတွေ အခွင့်အရေးကို အပိုင် အသုံးမချနိုင်ခဲ့ဘူး။ တောရက်စ်လဲ အသင်းမှာ အသားကျဖို့ အချိန်ပေးရဦးမှာဖြစ်ပါတယ်။ ဂျရတ်သွင်းတဲ့ ဂိုးကတော့ အဆင့်မြင့်ပါတယ်။ ဒီဂိုးကြောင့် ကျွန်တော်တို့ အနိုင်ရခဲ့တာဖြစ်ပေမယ့် ကျွန်တော်တို့ အများကြီး ပြင်ဆင်ကြိုးစားရဦးမှာပါ"** လို့ပြောကြားသွားခဲ့ပါတယ်။

ရယူနိုင်ခဲ့

ဒီလိုပါပဲ ဒီနှစ်မှ ပရီမီယာလိဂ် နည်းပြအဖြစ်ခံယူပြီး မန်စီးတီးအသင်းကို ကိုင်တွယ်ခဲ့တဲ့ အင်္ဂလန်အသင်း နည်းပြဟောင်း အဲရစ်ဆင်ဟာ အဖွင့်ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ရအောင် စွမ်းဆောင်ပြနိုင်ခဲ့တာမို့ ပြိုင်ဘက်မန်နေဂျာတွေရဲ့ အလေးထားခြင်းကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

သဘောပေါက်

ဝက်စ်ဟမ်းအသင်းကို အနိုင်ယူပြီးနောက် အဲရစ်ဆင်က **"ကျွန်တော့်ရဲ့ ပရီမီယာလိဂ် ပထမဆုံးပွဲမှာ အနိုင်ရခဲ့လို့ ကျေနပ်ဝမ်းသာစရာပါ။ ရာသီအစပွဲအနေနဲ့ အဝေးကွင်းမှာ သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာမို့ ပရီမီယာလိဂ်မှာ မန်စီးတီးကို အောင်မြင်မှုတွေ ရအောင်ကြိုးစားပေးနိုင်မယ်လို့ ယုံကြည်နေပါတယ်။ ဒါပေမယ့် ကျွန်တော့် အသင်းဟာ တစ်ချိန်လုံး စိတ်တိုင်းကျ မကစားနိုင်ခဲ့ပါဘူး။ နောက်ဆုံးပွဲချိန် ၁၅မိနစ်မှာတော့ အကောင်းဆုံး ကစားသွားနိုင်ခဲ့လို့ ဂိုးလဲသွင်းနိုင်ပြီး အနိုင်ရရှိခဲ့တာပါ။ ပွဲစဉ်(၁)မှာအနိုင်ရပေမယ့် ပရီမီယာလိဂ်က ပွဲတိုင်း အနိုင်မရနိုင်ဘူးဆိုတာကိုလည်း ကျွန်တော် သဘောပေါက်ထားပါတယ်"**လို့ အဲရစ်ဆင်က ပြောကြားသွားခဲ့ပါတယ်။

မန်စီးတီး အောင်မြင်မှုရစေရမည်ဟု ပြောကြားနေသော အဲရစ်ဆင်။ (ဓာတ်ပုံ-အင်တာနက်)

စိတ်တိုင်းမကျ

ဒါ့အပြင် အဲရစ်ဆင်က မန်စီးတီးရဲ့ လက်ရှိနည်းဗျူဟာ အပိုင်းကို ပြင်ဆင်ပြောင်းလဲဖို့ လိုအပ်နေသေးတယ်။ အဖွင့်ပွဲ အနိုင်ရရှိခဲ့ပေမယ့် စိတ်တိုင်းမကျဘူးလို့တော့ ပြောကြားနေပြန်ပါတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၁)မှာ နိုင်ပွဲစတင်ရယူနိုင်ခဲ့တဲ့ ပရီမီယာလိဂ်ရဲ့ နည်းပြသစ်တစ်ဦးကတော့ မန်ယူကွင်းလယ်ကစားသမားဟောင်း ရွိုင်းကိန်း ဖြစ်ပါတယ်။ ဆန်းဒါးလန်းကို ပရီမီယာလိဂ်ပြန်တက်နိုင်အောင် ကြိုးစားပေးခဲ့တဲ့ ရွိုင်းကိန်းဟာ အခု ပရီမီယာလိဂ်ပထမဆုံး ပွဲစဉ်မှာ နာမည်ကြီး စပါးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ယူခဲ့တာကြောင့် ပရီမီယာလိဂ်နဲ့ထိုက်တန်တဲ့ အရည်အချင်းရှိတဲ့ နည်းပြတစ်ဦးဖြစ်ကြောင်း ပြသနိုင်ခဲ့ပါတယ်။

ပြင်းထန်

တောင့်တင်းခိုင်မာတဲ့ စပါးအသင်းကို အိမ်ကွင်းမှာအနိုင်ယူခဲ့သောပွဲနဲ့ပတ်သက်ပြီး **"ကျွန်တော်တို့အတွက် ရာသီအစပွဲစဉ်ကို အောင်ပွဲနဲ့အတူ စတင်နိုင်ခဲ့ပါပြီ။ ကျွန်တော့်လူတွေ အနိုင်ရလိုစိတ် ပြင်းထန်လွန်းလို့သာ ဒီပွဲမှာ အနိုင်ရရှိခဲ့တာပါ။ ကြိုးစားအားထုတ်မှုရှိကြသလို ကစားပုံလဲ ကောင်းကြပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ ဒီထက်စုစည်းမှုနဲ့ ခြေစွမ်းပြနိုင်မှုက အခုထက် အများကြီး လိုအပ်နေပါသေးတယ်။ တစ်ရာသီလုံး ကျွန်တော်တို့ ကြိုးစားအားထုတ်မှုတွေ ဒီထက် အရှိန်မြှင့်ဖို့တော့ လိုအပ်နေသေးတယ်လို့ သိထားပါတယ်"**လို့ ဆန်းဒါးလန်းနည်းပြ ရွိုင်းကိန်းက ပြောကြားသွားပါတယ်။

ဒါ့အပြင် စပါးလိုအသင်းကို အနိုင်ယူဖို့ဆိုတာ ကျွန်တော့် ကစားသမားတွေ ခက်ခက်ခဲခဲ ကြိုးစားခဲ့ကြရတယ်။ စပါးအသင်းဟာ တကယ်ကောင်းတဲ့ အသင်းတစ်သင်းပါပဲဟု ပြောကြားသွားခဲ့ပါတယ်။ ။

(ကိုးကား-အင်တာနက်)

အရှိန်မြှင့်ဖို့လိုအပ်

ကြိုး စား မှု တွေ အရှိန်မြှင့်ဖို့ လိုအပ် နေပါသေးတယ် ဟူ၍ ပြော ကြား လိုက် သည့် ရွိုင်းကိန်း။

(ဓာတ်ပုံ-အင်တာနက်)

ဝက်စ်ဘန့်ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲမှ ရှာရာပိုဗာ ဒဏ်ရာကြောင့်နုတ်ထွက်ခဲ့ရပြီ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၂

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် လော့စ်အိန်ဂျလိစ် ဝက်စ်ဘန့်ကလပ်ဆစ်တင်းနစ်ပြိုင်ပွဲတွင် ဒီမင်တီဗာအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သော်လည်း ဝဲဘက်ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် အကြိုဗိုလ်လုပွဲ ဆက်လက်မကစားနိုင်တော့ဘဲ ပြိုင်ပွဲမှနုတ်ထွက်လိုက်ရပြီ ဖြစ်သည်။

ထိပ်တန်း တင်းနစ်အားကစားမယ် ရှာရာပိုဗာသည် တစ်နိုင်ငံတည်းသူ ဒီမင်တီဗာအား ၆-၃၊ ၆-၃ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

နုတ်ထွက်

ရှာရာပိုဗာ၏ အကြိုဗိုလ်လုပွဲပြိုင်ဘက်မှာ ကမ္ဘာ့အဆင့်(၄)ရှိ နာဒီယာပီထရိုဗာ ဖြစ်သည်။ ယခုအခါ ရှာရာပိုဗာ ဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသဖြင့် နာဒီယာပီထရိုဗာ အနိုင်ရပြီး ဗိုလ်လုပွဲသို့ရောက်ရှိမည် ဖြစ်သည်။

ရှာရာပိုဗာသည် ယခုယှဉ်ပြိုင်လျက်ရှိသော ဝက်စ်ဘန့်ကလပ်ဆစ် ပြိုင်ပွဲတွင် ဖလားဆွတ်ခူးရန် ရေပန်းစားနေခဲ့သူ ဖြစ်သည်။ (အင်တာနက်)

ပြိုင်ဘက်ကိုအနိုင်ရပြီး အောင်ပွဲခံနေသော ရှာရာပိုဗာ။ (ဓာတ်ပုံ-အင်တာနက်)

ယူအက်စ်ပီဂျီအေ ဂေါက်သီးပြိုင်ပွဲ တိုက်ဂါးဝုဒ် ဦးဆောင်

ဝါရှင်တန် ဩဂုတ် ၁၂

(၈၉)ကြိမ်မြောက် ယူအက်စ်ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဩဂုတ် ၁၁ရက်က ဆောက်သင်းဟေးလ် ဂေါက်ကလပ်၌ ကျင်းပလျက်ရှိပြီး ကမ္ဘာ့နံပါတ်တစ် တိုက်ဂါးဝုဒ်သည် ဒုတိယနေ့အပြီးတွင် အခြားပြိုင်ဘက်များကို နှစ်ချက်အသာဖြင့် ဦးဆောင်နေသည်။

၎င်းသည် ပထမနေ့တွင် ၇၁ ချက်၊ ဒုတိယနေ့တွင် ၆၃ချက် စုစုပေါင်း ၁၃၄ ချက်ရိုက်ထားသည်။ အမေရိကန်သား ဘားပလန့်က နှစ်ရက်ပေါင်း ၁၃၆ချက်ရိုက်ကာ ဒုတိယလိုက်နေသည်။

တတိယနေရာ

ဩစတြေးလျမှ အိုဂျီဗီနှင့် ကနေဒါမှ အေမက်စ်တို့သည် နှစ်ရက်ပေါင်း ၁၃၇ချက်စီရိုက်ကာ တတိယနေရာကို ခွဲဝေယူထားကြသည်။

၂၃ယောက်မြောက်

တိုက်ဂါးဝုဒ်သည် ဒုတိယနေ့က ရိုက်ချက် ၆၃ချက်သာ ရိုက်ခဲ့သည်။ ယင်းမှာ လျှော့ရိုက်ချက် အနည်းဆုံးဖြစ်သည်။ ၎င်းသည်ကြီးလေးကြီး ပြိုင်ပွဲတွင် ၆၃ချက် ရိုက်နိုင်ခဲ့သော ဂေါက်သီးကစားသမားများတွင် ၂၃ယောက်မြောက် ဖြစ်လာသည်။

ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားတိုက်ဂါးဝုဒ်။ (ဓာတ်ပုံ-အင်တာနက်)

(အင်တာနက်)

မွန်ထရီယယ်မာစတာဖလား ရာဖေးလ်နာဒယ် အကြိုဗိုလ်လုပွဲရောက်ရှိ

အားမာန်အပြည့်ဖြင့် ရာဖေးလ်နာဒယ် ဤသို့အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ-အင်တာနက်)

မွန်ထရီယယ် ဩဂုတ် ၁၂

ကမ္ဘာ့အဆင့်(၂) တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ကနေဒါနိုင်ငံ၌ကျင်းပသော မွန်ထရီယယ် မာစတာဖလားတင်းနစ်ပြိုင်ပွဲတွင် နာမည်ကြီးကနေဒါတင်းနစ်ကစားသမား ဖရန့်ဒန်စီဗစ်အား မမျှော်လင့်ဘဲ အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

တက်ရောက်

နာဒယ်သည် ဒန်စီဗစ်အား တစ်ပွဲရှုံး၊ နှစ်ပွဲနိုင်ဖြင့် အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် ဒီဂျိုကိုဗစ်နှင့် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ ဒီဂျိုကိုဗစ်သည် ဩဂုတ် ၁၁ရက်အစောပိုင်းက အင်ဒီရော့ဒစ်ကိုနိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခြင်းဖြစ်သည်။

တက်လှမ်း

ထိုနေ့က ကမ္ဘာ့နံပါတ်တစ် ရော်ဂျာဖက်ဒဲယားလည်း အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာသည်။ ၎င်းသည် အကြိုဗိုလ်လုပွဲတွင် ရာဒက်စတီပန်နက်နှင့် တွေ့မည်ဖြစ်သည်။

ဖက်ဒဲယားသည် ဩစတြေးလျမှ လင်တန်ဟေးဝစ်ကိုအနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ရောက်ရှိခဲ့သည်။ ယင်းမှာ ဖက်ဒဲယားက ဟေးဝစ်အား ၁၀ပွဲမြောက် ဆက်တိုက်အနိုင်ရမှုလည်းဖြစ်သည်။ **(အင်တာနက်)**

အင်တာနက် အားကစားသတင်း အတိုအထွာ

* ဒေးဗစ်ဘက်ခမ်းသည် ဂလက်ဆီအသင်းသို့ ရောက်ရှိလာပြီးနောက် ဩဂုတ် ၁၀ရက်က ဂလက်ဆီအသင်းနှင့် ဒီစီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကြစဉ် ပွဲချိန် ၇၂မိနစ်တွင် ဝင်ရောက်ကစားခဲ့ရာ အချိန်အကြာဆုံး စတင်ပါဝင် ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။
* ပရီမီယာလိဂ်တန်းဆင်းသွားသော ချာလ်တန်အသင်းသည် တရုတ်အသင်းခေါင်းဆောင် ကျန်ဇီအား ပေါင်နှစ်သန်းဖြင့် ခေါ်ယူစာချုပ်လိုက်သည်။
* ဘရာဇီးဗဟိုခံစစ်မှူး အဲလက်စ်အား ချယ်လ်ဆီးအသင်းက ပီအက်စ်ဗွီအိုင်ဟိုဗင်အသင်းမှ ခေါ်ယူစာချုပ်ခဲ့သည်။

တတ် တိုင်း သင် ၍ သင် တိုင်း တတ် စေ အံ့ ။

ဂုဏ်ထူးဦးသိန်းနိုင်

(ဝိဇ္ဇာ၊ တန်းစဉ် မြန်မာစာဂုဏ်ထူး)

ဂုဏ်ထူးမြန်မာစာ

တန်းခွဲသစ်များဖွင့်ပါတော့မည်

(ရပ်ဝေးတပည့်များအား စာစီကုံးပညာကို အခမဲ့ပို့ချပါမည်) လိပ်စာပို့၍ ဆက်သွယ်ပါ

အမှတ် (၁၈၈)၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၇၅၅၀၉ ၀၉ ၅၀ ၁၂၆၁၁

ဗိနိုဝင်းနှင့်ရောင်းရင်းများမှ ရွှေတောင်ပြုံးချီးရေသုံးပွဲသို့

ရွှေတောင်ပြုံး-မန္တလေးသီးသန့် (၃)ရက် (21.8.07) ဇလွန် ဥပုသ်နေ့နှင့် အစီးရရန်ပိတ်ရက်များ

ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင် (၅)ရက်

ရွှေတောင်ပြုံး၊ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ (၆)ရက်

ရွှေတောင်ပြုံး၊မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-လားရှိုး-မူဆယ်-ရွှေလီ(၉)ရက်

ရွှေတောင်ပြုံး၊မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ-ပုဂံ-ညောင်ဦး-တောင်ကြီး-အင်းလေး(၁၁)ရက်

အမှတ်(၂၃)ပန်းဆိုးတန်းလမ်း၊ 249871, 09-51 37245,09-99 72025

ဦးအောင်ဟိန်းကျော်၏

ဆရာလွတ်

• အင်္ဂလိပ်စကားပြော (Vol: 1,2,3) • အင်္ဂလိပ်စာရေးနည်း(Vol: 1,2,3) ထွက်ပြီ

သီးသန့်တန်းဖွင့်ပြီ

အင်္ဂလိပ်စကားပြော နှင့် စာရေးနည်းသင်တန်း

• နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်

အလွတ်မကျက်ဘဲပြောတတ်/ရေးတတ်ရမည်

• ၁၈၂ ဆိပ်ကမ်းသာလမ်း၊ ရန်ကုန်။ ☎ 392468 , 09 5171841

နာမည်ကျော်စတားတွေကို

ဆရာစံ-ဇာတိဘို ဘယ်လိုဟောကြားသလဲ

NEWS WATCH

WEEKLY

စောင့် ကြည့် သ တင်း ဂျာ နယ်

တစ်ပြည်လုံးသို့ ၁၄-၈-၂၀၀၇(အင်္ဂါ)နေ့ ဖြန့်ပြီ

ဖွေးနေ့ဆုတောင်း

❤ ကြည်ဖြူ့အသက်၊ (၆)နှစ်ပြည့်

❤ ဖေမေ့ရင်မှာ၊ ပီတိအပြည့်

❤ သောကကင်းစင်၊ အနာဂတ်တွင်

❤ တုနှိုင်းယှဉ်မရ၊ ကြည်ဖြူ့ဘဝ

❤ လိုတရစေ၊ တောင်းဆုဝေ---။

ရူပါ အေ ဝမ်း မိ သား စု

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၉၉၊ အောင်ဇေယျလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ

ဒေါက်တာဦးစိုးမြင့် - ဒေါ်သန်းသန်းအေးတို့၏သားကြီး

မောင်ခင်စိုး B.E (Electronic)

Senior Project Engineer (SCE Pte., Ltd.) S'Pore

နှင့်

ရန်ကုန်မြို့၊ တိုက် ၃၁၂၊ အခန်း ၇၊ ရန်ကင်းမြို့နယ်နေ

ဦးကံလှ - ဒေါ်လှဌေးတို့၏သမီးထွေး

မအေးစန္ဒာ B.Sc (Hons.), M.Sc (Chemistry)

IT Dept. (ILBC)

တို့သည် ၁၂-၈-၂၀၀၇ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ခင်စိုး-မအေးစန္ဒာ။

ဦးအောင်ဟိန်း

၁။ ထသွားထလာအင်္ဂလိပ်စကား-လေ့ကျင့်ပြောသင်တန်း

၂။ နိုင်ငံခြားသွား အမြန် တစ်လ

PRIME English Language Acquisition Centre

၃၈လမ်းပလာဇာ၊ ၃-ထပ်၊ ဆိပ်ကမ်းသာလမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၀၃၀၂

အမည်ပြောင်း

အဖ နိုင်ရော့စ၏သား မော်လမြိုင်မြို့ အထက(၁၂) သတ္တမတန်း(A)မှ မင်းမောင်မောင်ဆွေအား မင်းပိုင်ရော့ဟု ပြောင်းလဲခေါ်ပါရန်။

မင်းပိုင်ရော့။

ဖခင်အမည်မှန်

မွန်ပြည်နယ် မုဒုံမြို့နယ် ကလော့သော့ရွာ အထက နဝမတန်း(A)မှ မိစန္ဒာဆွေ၏ ဖခင်အမည်မှန်မှာ နိုင်ရော့စ ၁၀/မလမ(နိုင်)၂၀၆၉၉၃ ဖြစ်ပါသည်။

ဂုဏ်ရည်အရိုးအကြောလိမ်းဆေးအဆီ

၀၈၀၈ ပိုင် ၀၇၆၀၁
၁၁/၂၀၀၅ တဆထလ/တိုး (၀၂၉၉)

ဤလိမ်းဆေးသည် ဆေးစွမ်းထက်မြက်လှသည့်ဆေးခေါက်၊ ဆေးမြစ်၊ သစ်ဥ၊ ဆေးရွက်တို့ကိုပေါင်းခံကာ အဆီအနှစ်သီးသန့်ထုတ်လုပ်ထားသည့် အတွက် အဆစ်ရောင်ကိုက်ရောဂါကြောင့် ကိုက်ခဲခြင်း၊ ကျီးပေါင်း တက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်ခိုင်၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ အရိုးအကြောအဆစ်ရောင်ရမ်းခြင်း၊ ခါးနာ၊ ခါးကိုက်ခြင်း၊ ဒူး၊ ဖနောင့်၊ ဖဝါး၊ ခြေလက်ထုံကျဉ်ခြင်း၊ အကြော တက်ခြင်း၊ နာကျင်ခြင်းများကို သက်သာပျောက်ကင်းစေသည်။

ဤဆေး၏ ထူးခြားချက်မှာ ဖယောင်းလုံးဝမပါရှိသည့်အတွက် ချွေးပေါက်ပိတ်ခြင်းမရှိပါ။

အမှတ် (၈၂/၂)၊ သာယာ့ကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်။ Ph: 641501,

အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကျောက်စုဆောင်းခြင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၂

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ၄ဝါလမ်းအပိုင်း(၂) ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျောက်စုဆောင်းခြင်းလုပ်ငန်းကို အဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးတင်စိုးနိုင် ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသန်းဦးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ

လေ့လာစို့

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် ဒုတိယဝါဆိုလကွယ်နေ့ (ဥပုသ်နေ့)

၁၃-၈-၂၀၀၇ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်

၈း၁၅ ၇။ အဆိုပြိုင်ပွဲ

၈း၂၀ ၈။ ခရမ်းချောင်းတံတား

၈း၃၀ ၉။ International News

၈း၄၀ ၁၀။ Islands of Dhamma

၈း၄၅ ၁၁။ ဘဒ္ဒန္တကုဏ္ဍလဇောတိ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပြည်မြို့ ပဲခူးတိုင်းထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း

၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ ကျောက်တန်း) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]

၁၆း၅၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇း၀၅ ၅။ အကပဒေသာ

၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား

၁၇း၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ

၁၇း၃၀ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)

၁၇း၄၅ ၉။ ဦးခိုက်ဖူးမြော် ရွှေမော်ဓောစေတီတော်

၁၈း၀၀ ၁၀။ ညနေခင်းသတင်း

၁၈း၂၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈း၂၅ ၁၂။ အလှရှာမယ်လှကမ္ဘာဝယ်

၁၉း၀၀ ၁၃။ **ကြိုဆိုလျက်ပါ** ၄က်ပျောကြော်၊ မင်းထက်ကျော်ဇင် နေထူးနိုင်၊ နေယံ၊ ဇင်ဇင်ဇော်မြင့်၊ နန်းဆုရတီစိုး၊ သင်ဇာဝင့်ကျော် (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)

၁၉း၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သောရွှေနေခြည်** (အပိုင်း-၂)

၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၃၅)

၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

မြောက်ဥက္ကလာပ အမက(၈)ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၁၂

မြောက်ဥက္ကလာပ မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၈)၏ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၁၁ ရက်က အဆိုပါ ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကိုယ်စားလှယ် ဦးမင်းလွင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖြစ်မြောက်ရေးယာယီကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့က အမှာစကားပြောကြားကြသည်။

အမှာစကားပြောကြား

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌသစ် ဦးဘတင့်ဆွေ ဦးဆောင်သော ကျောင်းအကျိုးတော်ဆောင်အဖွဲ့သစ်ကိုဖွဲ့စည်းပေးရာ ဥက္ကဋ္ဌသစ် ဦးဘတင့်ဆွေ**(အပေါ်ပုံ)**က နှုတ်ခွန်းဆက် အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က-ပ)

သစ်ပင် စိုက်ပါ ဒို့ဂုဏ်မှာ

သာယာလှပ စိမ်းမြမြ

သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့်မိုင်းနင်းမိပေါက်ကွဲ၍အပြစ်မဲ့ပြည်သူတစ်ဦးခြေထောက်ပြတ်ရ

နေပြည်တော် ဩဂုတ် ၁၂

သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးကိုနှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက် ညနေ၄နာရီခွဲခန့်က မြဝတီမြို့နယ်အတွင်း တွင်းကလေးကျေးရွာမှ ဦးဖားတု၏သား ဦးအောင်ထွေး အသက်(၆၀)သည် ဒူးရင်းခြံအတွင်း ဒူးရင်းသီးကောက်နေစဉ် သောင်းကျန်းသူအဖျက်သမားများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲ၍ ဦးအောင်ထွေး၏ညာဘက်ခြေထောက်ခြေချင်းဝတ် အထက်မှပြတ်ကာ ဘယ်ဘက်ခြေထောက်ပေါင်နှင့်ခြေသလုံး၊ ညာလက်ဖျံတို့တွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

အဆိုပါ မိုင်းထိဒဏ်ရာရရှိခဲ့သည့် ဦးအောင်ထွေးအား သက်ဆိုင်ရာတာဝန်ရှိသူများက မြဝတီမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့်လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မျက်ဝါးထင်ထင် အိုနာမြင်၍ စာနာစိတ်ထား ကုသိုလ်ပွားလော့ ပေးလှူဒါနပြုသမျှကို စနစ်ကျစွာဆောင်ရွက်ကာဖြင့် ကြည်နူးဝမ်းသာစိတ်ချမ်းသာသည့် ဘိုးဘွားရိပ်သာ ဖြူးမြို့ပါ

သတင်းမြင်ကွင်း–သန်းသန်းနုနှင့် တင်မာဝင်း

ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၂

လူတို့သည် ငယ်ရွယ်နုပျိုစဉ်ကာလတွင် ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားနှင့် လုပ်ကိုင်စားသောက်နိုင်ကြသော်လည်း အိုခြင်းတရားကို မလွန်ဆန်နိုင်သော အချိန်ကာလကို ရောက်ရှိသည့်အခါတွင် ကာယစွမ်းအား၊ ဉာဏစွမ်းအားများလည်း လျော့နည်းလာရပါသည်။ **နိုင်ငံနှင့်အဝန်းမှ ငယ်နုပျိုစဉ်ကာလက တိုင်းပြည်အတွက် ကျရာတာဝန်များကို ထမ်းဆောင်လာခဲ့ကြပြီး အိုမင်းမစွမ်းသည့်အရွယ်သို့ ရောက်ကာမှ သားထောက် သမီးခံ မရှိဘဲ လူမှုဒုက္ခအပေါင်း ခံစားနေကြရသော အမိုအခိုမဲ့ ဘိုးဘွားများအား ကျေးဇူးတုံ့ပြန် ပေးဆပ်ခြင်းအနေဖြင့်လည်းကောင်း၊ လူနှင့်လူချင်း ရိုင်းပင်းကူညီအပ်သော မြင့်မြတ်လှသည့် လူမှုတာဝန် ထမ်းဆောင်ခြင်းဖြင့်လည်းကောင်း၊ ဘိုးဘွားတို့၏ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ဓာတိဝါဒအရ၊ မွန်မြတ်လှသော မင်္ဂလာတရားတော်အရလည်းကောင်း၊ မိဘရင်းများသဖွယ် ပြုစုစောင့်ရှောက်ကြရန် ဟူ၍လည်းကောင်း ရည်ရွယ်ချက်များဖြင့် ဖြူးမြို့နယ် ဘိုးဘွားစောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်းခဲ့ပါသည်။**

ဦးဆောင်တည်ထောင်

ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးမြို့၊ အုတ်ဖြတ်လမ်းအရှေ့ထိပ်တွင် တည်ရှိသော ဘိုးဘွားစောင့်ရှောက်ရေးအသင်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့ ဇူလိုင် ၇ ရက်တွင် သွားရောက်လေ့လာခဲ့ရပါသည်။ ဖြူးမြို့ ဘိုးဘွားရိပ်သာကို ၁၉၆၀ ပြည့်နှစ်တွင် ဆရာတော် ဦးကုမာရကဿဖက ဦးဆောင်၍ တည်ထောင်ခဲ့ပါသည်။

ဘိုးဘွားစောင့်ရှောက်ရေးအသင်းကို စနစ်တကျ မှတ်ပုံတင်၍ ဖွဲ့စည်းခဲ့ပြီး ဖြူးမြို့နယ် အုပ်ချုပ်ရေး၏ ဦးစီးမှုကိုခံယူ၍ လုပ်ငန်းတာဝန်များကို စနစ်တကျ တာဝန်ယူ၍ ထမ်းဆောင်လျက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ပံ့ပိုးမှုကိုလည်း ရရှိခဲ့သည်။

သတ်မှတ်ချက်ထား နေခွင့်ပြု

ဘိုးဘွားရိပ်သာသို့ လာရောက်အပ်နှံသူများကို သတ်မှတ်ချက်ထား၍ လက်ခံထားကြောင်း အတွင်းရေးမှူး ဦးဝင်းနိုင်က ရှင်းပြပါသည်။ အသက် ၇၀ပြည့်ပြီးသူ၊ ခိုကိုးရာမဲ့ဖြစ်ပြီး မိမိကိုယ်တိုင် လုပ်ကိုင်စားသောက်နိုင်ခြင်း မပြုနိုင်သူ၊ အကျင့်စာရိတ္တကောင်းမွန်သူ၊ စိတ်ဖောက်ပြန်မှု မရှိသူ၊ နူနာရောဂါနှင့် တီဘီရောဂါ စွဲကပ်ခြင်းမရှိသူ၊ မိမိကိုယ်တိုင် သွားလာနိုင်ပြီး ရိပ်သာတွင်း လှုပ်ရှားနိုင်သူ၊ မြန်မာနိုင်ငံသားဖြစ်သူ စသည့် အချက်များနှင့် ပြည့်စုံသူများကိုသာ နေထိုင်ခွင့်ပြုကြောင်း သိရသည်။

အဘိုးအဘွား ၆၀ ရှိပါတယ်။

ဦးဝင်းနိုင်
အတွင်းရေးမှူး

ယခုဘိုးဘွားရိပ်သာတွင် လက်ခံစောင့်ရှောက်ထားသော အဘိုးအဘွား စုစုပေါင်း ၆၀ရှိပြီး အဘိုး၃၀၊ အဘွား ၃၀ရှိပါသည်။ ရိပ်သာအတွင်း နေထိုင်သော အဘိုးအဘွားများသည် ရိပ်သာ၏စည်းကမ်းများကို လိုက်နာကြရပါသည်။ တစ်ပြည်လုံး အတိုင်းအတာဖြင့် လက်ခံသော ဘိုးဘွားရိပ်သာဖြစ်ကြောင်း သိရသည်။ လူမျိုးဘာသာ ခွဲခြားမှုမရှိ။ လူမျိုးဘာသာ မရွေး ရုပ်အားဖြင့် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ဒုက္ခရောက်သူများအားလုံးကို လက်ခံ၍ ပြုစုစောင့်ရှောက်လျက်ရှိသည်။

ဘိုးဘွားရိပ်သာရောက်တာ ၁၀နှစ်ရှိပြီ အားလုံးက ဂရုစိုက်ကြပါတယ်။

အဘွား ဒေါ်လှရင်

တရားဓမ္မများ ပွားများနိုင်

အဘိုးအဘွားများ တရားဓမ္မများ ပွားများနိုင်ရန်အတွက် နံနက်တစ်ကြိမ်၊ မွန်းတည့် ၁၂နာရီ တစ်ကြိမ်၊ ညနေ ၄နာရီ တစ်ကြိမ် ဘုရား ဝတ်ပြုရသည်။ ဥပုသ်နေ့တိုင်း သီလဆောက်တည်ကြပြီး တစ်ခါတစ်ရံ ဆရာတော်များ ပင့်၍ တရားပွဲများ ပြုလုပ်ပေးကြောင်း သိရသည်။ ရာသီအလိုက် ဝါဆိုလတွင် ဝါဆိုသင်္ကန်း ကပ်ခြင်း၊ ဝါကျွတ်ပြီးသည့်အခါ ကထိန်သင်္ကန်း ကပ်ခြင်းများ ပြုလုပ်ပေးသည်။

ပျော်ပွဲရွှင်ပွဲပြုလုပ်ပေး

အဘိုးအဘွားများ၏ ပျော်ရွှင်မှုအတွက် လွတ်လပ်ရေးနေ့တွင် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ပေးခြင်း၊ မိသားစုရှိသော အဘိုးအဘွားများကို တစ်နှစ်မှာ ၁၀ရက် မိသားစုထံ ပြန်ခွင့်ပြုခြင်း၊ အောက်တိုဘာ ၁ ရက် ကမ္ဘာ့သက်ကြီးရွယ်အိုများနေ့ ရောက်တိုင်း အဘိုးအဘွားများအား အလှူဒါနများ ပြုလုပ်ပေးပြီး ထိုနေ့ရက်တွင် ထူးထူးခြားခြား ဆောင်ရွက်မှုများ ပြုလုပ်ပေးကြောင်း သိရသည်။ ထူးခြားချက် တစ်ခုမှာ အဘိုးအဘွားများအား လှူဒါန်းသော ငွေကြေးများကို အဘိုးအဘွားများ၏ ကိုယ်ပိုင်ငွေအဖြစ်သာထားရှိပြီး အဘိုးအဘွားများထံမှ ပြန်လည်သိမ်းယူခြင်းမျိုး မပြုလုပ်ကြောင်း ရှင်းပြပါသည်။

အဘိုးအဘွားများ၏ ကျန်းမာရေးနှင့်စပ်လျဉ်းပြီး သူနာပြုတစ်ဦးထားရှိကာ အချိန်ပြည့် စောင့်ရှောက်ပေးပြီး အနီးကပ်ပြုစုပေးကြောင်း၊ ကျန်းမာရေးညံ့သော အဘိုးအဘွားများအား ဒေါက်တာဒေါ်လဲ့လဲ့ဝင်းက အခမဲ့ကုသပေးပြီး ဆေးရုံတင်ရန် လိုအပ်သော အဘိုးအဘွားများကိုထောက်ခံချက်များ ပြုလုပ်၍ ဆေးရုံသို့ ပို့ဆောင်လျက် ကုသပေးကြောင်း သိရသည်။

ဖြူးမြို့နယ် သာယာကုန်း ကျေးရွာကပါ။

အဘိုး ဦးလှအောင်

အသက် အကြီးဆုံး ဖြစ်သော အဘွားတစ်ဦးကို မေးကြည့်ရာ–

"အဘွားအမည် ဘယ်လိုခေါ်ပါသလဲ၊ အသက် ဘယ်လောက်ရှိပါပြီလဲ"

"အဘွားက ဒေါ်လှရင်ပါ၊အသက် ၉၇နှစ်ရှိပြီ"

"အဘွားဒီမှာနေတာဘယ်လောက်ကြာပါပြီလဲ"

"၁၀နှစ်ရှိပြီကွယ့်၊ ဒီမှာပျော်တယ်။ အားလုံးက ဂရုစိုက်တယ်။ တရား အားထုတ်လို့ရတယ်" ဟု ဖြေကြားပါသည်။

အခွန့်ရှည်စွာရပ်တည်နိုင်ရေး

ဖြူးမြို့နယ် ဘိုးဘွားရိပ်သာရှိ ဘိုးဘွားတို့သည် ပြုစုသူတို့၏ နွေးထွေးမှုကြောင့် သာယာပျော်ရွှင် နေကြပြီး **"သက်ကြီးရွယ်အိုဘဝကို စိုပြည်စေဖို့ ကြိုးပမ်းစို့"** ဆောင်ပုဒ်အရ ဘိုးဘွားရိပ်သာ အခွန့်ရှည်စွာ ရပ်တည်နိုင်ရေးအတွက် အလှူရှင်များမြောက်မြားစွာ ပေါ်ထွက်လာပါက လက်ရှိလက်ခံ ထားနိုင်သော ဘိုးဘွားဦးရေ ၆၀ ထက် ကျော်လွန်၍ ၈၀ အထိ ထားနိုင်ကြောင်းကို အတွင်းရေးမှူးအဘ ဦးဝင်းနိုင်က ပြောပြသည်။

"မျက်ဝါးထင်ထင် အိုနာမြင်၍ စာနာစိတ်ထား ကုသိုလ်ပွားလော့" ဆောင်ပုဒ်အရ ပဲခူးတိုင်း ဖြူးမြို့နယ်ရှိ ဖြူးဘိုးဘွားရိပ်သာ ဆက်လက်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုသာမက အလှူရှင်များ၏ ပင်စိုက် ငွေပဒေသာပင်များရရှိပါက ယခုထက် တိုးတက်၍ ဘိုးဘွားများအား ပံ့ပိုးပြုစု စောင့်ရှောက်နိုင်မည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံနှင့်အဝန်းမှ ငယ်နုပျိုစဉ်ကာလက တိုင်းပြည်အတွက် ကျရာတာဝန်များကို ထမ်းဆောင်လာခဲ့ကြပြီး အိုမင်းမစွမ်းသည့်အရွယ်သို့ ရောက်ကာမှ သားထောက်သမီးခံ မရှိဘဲ လူမှုဒုက္ခအပေါင်း ခံစားနေကြရသော အမိုအခိုမဲ့ ဘိုးဘွားများအား ကျေးဇူးတုံ့ပြန်ပေးဆပ်ခြင်းအနေဖြင့် ဖြူးမြို့နယ် ဘိုးဘွားစောင့်ရှောက်ရေးအသင်းကို ဖွဲ့စည်းခဲ့။

ပဲခူးတိုင်း ဖြူးမြို့ ဘိုးဘွားရိပ်သာကို ဤသို့တွေ့ရသည်။

တစ်နေ့တာကုန်ကျစရိတ်

အဘိုးအဘွားများ တစ်နေ့တာ ကုန်ကျစရိတ်သည် ငွေကျပ် ၈၀၀၀၀ ရှိပြီး နံနက်ခင်းတွင် ဆန်ပြုတ်ကျွေး၍ ထမင်းကျွေးချိန်တွင် အသားဟင်း၊ အကြော်၊ ဟင်းချိုတို့ ပါဝင်ကြောင်း၊ ဆန်ကိုလည်း အဘိုးအဘွားများအတွက် နူးညံ့သောဆန်သာ ချက်ကျွေးကြောင်း ရှင်းပြပါသည်။

အသက်အကြီးဆုံးဖြစ်သော အဘိုး ဦးလှအောင်အား တွေ့ဆုံ၍ မေးမြန်းကြည့်ရာ–

"အဘိုးအသက် ဘယ်လောက်ရှိပါပြီလဲ"

"အဘိုးအသက် ၉၅နှစ်ရှိပြီကွယ့်"

"အဘိုး ဘယ်ဒေသကနေ လာရောက်ပါသလဲ"

"သာယာကုန်းကျေးရွာ ဖြူးဇာတိပဲ"

"ဒီမှာနေရတာ ပျော်ပါသလား"

"ပျော်တယ် သမီးတစ်ယောက်ရှိတယ်၊ မပြန်တော့ဘူး"



စစ်တွေမြို့ စာကြည့်တိုက်များသို့ ရုပ်မြင်သံကြားထပ်ဆင့်လှူဒါန်း ရေရှည်တည်တံ့ရေးဆောင်ရွက်ရမည့် နည်းလမ်းများရှင်းလင်းဆွေးနွေး

စစ်တွေ သြဂုတ် ၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရောင်စုံရုပ်မြင်သံကြားပြစက်နှင့် ရေဒီယိုများထပ်ဆင့် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီက စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်းက ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းဆွေးနွေးကြသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ထွဋ်က အောင်မင်္ဂလာစံပြကျေးရွာ၊ ကန့်ဂေါ်ကျွန်းကျေးရွာ၊ ပါဒလိတ်ကျေးရွာနှင့် အမြင့်ကျွန်းကျေးရွာ စာကြည့်တိုက်များသို့ ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်များကို ကျေးရွာဥက္ကဋ္ဌများထံသို့ လည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးမောင်အေးထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမျိုးလွင်နှင့် ခရိုင်ဒုတိယဦးစီးမှူး ဦးအောင်ကျော်စိန်တို့က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၆၃တိုက်အတွက်ရေဒီယိုများကို ကျေးရွာ ဥက္ကဋ္ဌများထံသို့ လည်းကောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

မြင်းခြံမြို့ နဘူးအိုင်-ဆီမီးခုံလမ်းကို ဇူလိုင် ၁၃ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူးဦးလေးလွင်၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်မြင့်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာဒေါ်ယဉ်ယဉ်မြင့်တို့ ကျောက်စုဆောင်းထားမှုနှင့် ကျောက်ချောလမ်းခင်းမည့် အခြေအနေများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



သဲကုန်းမြို့အင်းမအင်းသို့ ငါးမျိုးစိုက်ထည့်

ပြည် သြဂုတ် ၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို သြဂုတ် ၃ ရက် နံနက်က သဲကုန်းမြို့နယ် အင်းမအင်း၌ ကျင်းပသည်။

အဆိုပါသဲကုန်းမြို့နယ် အင်းမအင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့်အဖွဲ့ဝင်များ၊ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ရင်ရင်မြင့် သဲကုန်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်၊ ပြည်ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဦးလှမိုး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြပြီး ငါးမြစ်ချင်းမျိုးသစ် ၃ လက်မ သားပေါက်ကောင်ရေ သုံးသိန်းကို အင်းမအင်းအတွင်းသို့ မျိုးစိုက်ထည့်ကြကြောင်း သိရသည်။**(အပေါ်ပုံ)** (၄၀၃)

မိုင်းဖြတ်၌ ကျန်းမာရေးအသိပညာပေး ဟောပြော

မိုင်းဖြတ် ဇူလိုင် ၂၅

မိုင်းဖြတ်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက် နံနက်က မိုင်းဖြတ်မြို့ အခြေခံပညာ အထက်တန်းကျောင်း သိပ္ပံ ခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စောဝေက အမှာစကားပြောကြားပြီး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်က**(အောက်ပုံ)**မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဆောင်ရွက်သော ကျန်းမာရေးကဏ္ဍများအကြောင်းကို လည်းကောင်း၊ ခေတ္တမြို့နယ် ဆရာဝန် ဒေါက်တာစိုပြေဝင်းက မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းကို လည်းကောင်း ရှင်းလင်း ဆွေးနွေးသည်။ **(ခရိုင် ပြန်/ဆက်)**

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးဌာနမှူး ဦးလှဒေါင်း၊ ဇနီး ဒေါ်ဆန်းဆန်းမြင့် မိသားစုနှင့် အလှူရှင်များက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာ အဘိုးအဘွားများ အာဟာရသုံးဆောင်ရန်အတွက် ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင်က လက်ခံယူစဉ်။ (၃၈၀)

အမှတ်(၁)အခြေခံပညာမှ ဖြန့်ဝေသော အင်္ဂလိပ်ကဗျာအသုံးပြုရေးသင်တန်းဖွင့်

ခနောင်ဖြူ သြဂုတ် ၄

မအူပင်ခရိုင် ခနောင်ဖြူမြို့နယ်၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် အမှတ်(၁)အခြေခံပညာဦးစီးဌာနမှ ဖြန့်ဝေသော အင်္ဂလိပ်ကဗျာနှင့် သီချင်းတိတ်ခွေများကို အခြေခံပညာကျောင်းသား ကျောင်းသူများသို့ အသုံးပြုသင်ကြားနိုင်ရေးအတွက် ခနောင်ဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ဇူလိုင် ၃၁ ရက်က သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ မြို့နယ်ပညာရေးမှူး ဦးဆန်းနှင့် လက်ထောက်ပညာရေးမှူး ဦးသြ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာမ၊ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ထို့နောက် အင်္ဂလိပ်ကဗျာနှင့် သီချင်းရွတ်ဆိုမှုကို သင်တန်းနည်းပြဆရာမများက သရုပ်ပြ အက၊ အဆိုများနှင့် တေးသရုပ်ဖော် ၍ သင်ကြားပေးကြောင်း သိရသည်။ **(အောက်ပုံ)** (၀၈၅)

ကျောက်ပန်းတောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောက်ပန်းတောင်း ဇူလိုင် ၁၆

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က နံနက်က မြင်းခြံခရိုင် ကျောက်ပန်းတောင်း မြို့နယ်တွင် ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းငွေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အကြပ်စစ်သည်မိသားစုဝင်များ တက်ရောက်ကြပြီး အရိပ်ရပင် ၃၅၀နှင့် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀တို့ကို တပ်နယ်လမ်းဘေး ဝဲယာတစ်လျှောက်တွင် စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖားကန့် ပြန်/ဆက် စာဖတ်ဝိုင်း ကျင်းပ

ဖားကန့် ဇူလိုင် ၁၇

ဖားကန့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ဝိုင်းကို ဇူလိုင် ၆ရက်က ရုံးစာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထိုက်လင်းစိုးက စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရုပ်/သံ(၃) ဒေါ်ဇာဇာထွန်းက ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့် ဖတ်ကြား ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

နမ့်စန်မြို့ အမှတ် (၃)ရပ်ကွက် မြို့မကျောင်းလမ်း ကတ္တရာခင်းရန် ကျောက်စုဆောင်းမှုကို ဇွန်၂၇ ရက်က အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေး စစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးဇေယျာမင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ပန်းအလှပင်များ စုပေါင်းပျိုးထောင်

ကျောက်တော် ဇူလိုင် ၂၈

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် ဇူလိုင် ၁၂ ရက်က ကျောက်တော်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ပျိုးထောင်ထားသောအရိပ်ရပင်၊ ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်မြို့ အင်းစိန် မြို့နယ် အနောက်ဈေးကုန်း ရပ်ကွက် ဂန္ဓမာလမ်း အမှတ် (၁၂/က)နေ လင်းပင်တင်တင်ကြီးအားရည်စူး၍ ဇနီး ဒေါ်ညွှန့်ညွှန့်နှင့်သားသမီး၊ မြေးမြစ်တစ်စုတို့က ကျောင်း အလှူငွေကျပ် ၁၃၀၀၀၀ တို့ကို အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးနန္ဒဝံသထံသို့ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မိတ္ထီလာဆရာတော် သစ္စာလေးပါးတရား ဟောကြားမည်

မိတ္ထီလာ ဩဂုတ် ၈

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ဝါတွင်းကာလ အထူးတရားစခန်းပွဲကို ဝါခေါင်လဆန်း၁ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို ရိပ်သာပဓာနနာယက ကျောင်းသစ်ကျောင်း မိတ္ထီလာဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာစာရက ကျေးဇူးရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုဟောကြားမည်ဖြစ်ရာ လူဦးရေကန့်သတ်ထားသဖြင့် ဖုန်း–၀၆၄–၃၅၂၄၇သို့ ကြိုတင်စာရင်းပေးနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဝါခေါင်လဆန်း ၁ ရက်
၁၄–၈–၂၀၀၇
(အင်္ဂါနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့်ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ
(မြန်မာ့ရိုးရာအစားအစာ)

၁၁:၃၀ မြန်မာ့မှုဟန်ဇာတိမာန် ဟောပြောချက်
(ကျီးသဲလေးထပ်ဆရာတော်ကြီး သာရဝေါစိုးကြည်)

၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး
[လူတိုင်းချစ်စေလို– သူရိန်မွန်–ဆေး(၂)]

၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ
(နှလုံးသားမှတ်တမ်း)

၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ
(မိုးကြိုးပစ်ခြင်းနှင့် လျှပ်စစ် အန္တရာယ်–ကိုကိုအောင်)

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(သတ္တမတန်း–စာရိတ္တနှင့် လောကနီတိ–ကောင်းမှုသုစရိုက် ၁၀ ပါး)

ညနေပိုင်း

၁၆:၁၀ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ပင်ညောင်ညို
(စန္ဒရားမြဦးအဖွဲ့)
(၂) စိတ်ထားမြတ်ဖို့လိုသည်
(ရွှေမြိုင်တေးသံဝေအဖွဲ့)
(၃) လှရာရာရွှေးပန်ဆင်ပါ
(စိမ်းအဖွဲ့)

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင်
(နေ့စဉ်ကျန်းမာရေး လေ့ကျင့်ခန်း၏ အကျိုးကျေးဇူး– ခင်မောင်ဝင်း–စစ်တွေ)

၁၈:၂၅ ကျေးလက်ဇာတ်လမ်း
(မပျက်မယွင်းချက်ချင်းစားဖို့)

၁၉:၁၅ သုတအဖြာဖြာ တိုင်းရင်းဆေးပညာ
(ဆေးဖက်ဝင် ကညွတ်ပင်)

၁၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်မိုးကြီး
(လှမြင့်ဝင်း၊ ရီရီသန့်)
(၂) ချစ်ခွင့်မပိုင်
(နောင်၊ နီနီဝင်းရွှေ)
(၃) ချစ်တာအပြစ်လား
(ဂရေဟာမ်၊ ရတနာဦး)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အသည်းလေး အနားပေးဦးမယ်
(တင်အောင်လေး)
(၂) စံပယ်တစ်ခက် မွှေးနေလျက်
(ကြာညိုသွယ်)
(၃) ပန်းစိုက်သမား
(တင်လှထွန်း)

ကျောက်မဲမြို့နယ် ပင်လုံလမ်းဘေး မြေယာခင်း အလှပြုပြင်မှု လုပ်ငန်းအခြေအနေကို ဇူလိုင် ၂၅ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

K.I.S ကားငှားလုပ်ငန်း
ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း–၂၉၃၂၉၄၊ ၀၉–၅၁–၃၄၇၇၈၊
၀၉–၅၀၀–၂၄၄၀။

MCC Computer ☎ ၂၄၅၇၇၅၈၊ ၂၄၅၇၆၂
နိုင်ငံတကာအသိအမှတ်ပြု ပထမနှစ် ကွန်ပျူတာ ဒီပလိုမာ သင်တန်း(IDCS)
အခြေခံပညာအထက်တန်း ဖြေဆိုအောင်မြင်ပြီးသူများ ၊ နိုင်ငံတကာအသိအမှတ်ပြုဒီပလိုမာ ရယူပိုင်ဆိုင်လိုသူများ၊ ကွန်ပျူတာပညာနှင့် လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲမှု ဆိုင်ရာများကို လေ့လာသင်ယူလိုသူများ နှင့် IT လုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်း ပြုလိုသူများ အတွက်
Special Discount Between 11~28Aug'07
MCC တွင် ပညာသင်
MCC တွင် အလုပ်သင်
MCC တွင် အလုပ်ဝင်

ယနေ့ ယခု
ဝေဠုနဒီ ရင်ယော်နို
ထွက်ပြီ
တမူခွင့်ပြုချက် ၅၀၀၅၉၆၀၅၀၇
ဖြန့်ချိရေး - မျက်ပွင့်စာပေ (၃၆၇) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (ဗိုလ်ဆွန်ပက်လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း ၇၀၀၅၇၉

အမည်ဖြည့်စွက်ခေါ်ပါရန်

တောင်ငူမြို့ ၉ ရပ်ကွက် အုတ်ကျွတ်တန်းနေ ဦးအောင်စည်၏သမီး ဒေါ်မြို့ကြီး ၇/တငန(နိုင်)၀၄၆၉၄၁အား ဒေါ်မြို့ကြီး(ခ) ဒေါ်ခင်မျိုးလွင်ဟု ဖြည့်စွက်ခေါ်ပါရန်။ **ဒေါ်မြို့ကြီး(ခ)ဒေါ်ခင်မျိုးလွင်။**

အမည်မှန်

အဖ ဦးအရိုးယာ၏သား ကျိုင်းတုံမြို့ အထက(၅) သတ္တမတန်း (B)မှ မောင်အားနီ၏ အမည်မှန်မှာ မောင်ဂျားနီ ဖြစ်ပါကြောင်း။ **မောင်ဂျားနီ။**

အထူးကိုယ်စားလှယ် လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ စိန်ပန်းရပ် အမှတ် ၂၉၀နေ ဒေါ်စုက တောင်ကြီးမြို့ မြေဖြူရွာအမှတ် (ည/၆၃၆)နေ နန်းလောင်ပိုင်း ၁၃/ဆဆန(နိုင်) ၀၄၆၉၇၂ထံ လွှဲအပ်ထားသော ၁–၁၂–၂၀၀၆ ရက်စွဲပါ စာချုပ်အမှတ်(၂၉၁/၂၀၀၆)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။ **ဒေါ်စု ၁၃/တကန(နိုင်)၀၂၀၃၀၇။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်သန့်ဇင်မျိုး ၉/ပမန(နိုင်)၁၄၄၆၃၅ သည် မိဘဆိုဆုံးမမှုကို နားမထောင်ပါသဖြင့် နောက်နောင် ၎င်းနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)

ဖခင်–ဦးမျိုးသန့် ၇/ပမန(နိုင်)၀၀၆၁၅၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၃၁၅၂၄ Loncim M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်စမ်းရည် မှတ်ပုံတင် အမှတ် ၉/မနမ (နိုင်) ၀၅၇၈၁၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။

THREE FRIENDS CONSTRUCTION CO., LTD.

‘ မိုးရာသီအထူးအစီစဉ် ’ 31st August အတွင်း
Decoration လုပ်ငန်းများကို 5 % မှ 10 % ထိ Discount

- ❁ မျက်နှာကြက် အလှဆင်ခြင်း၊ 10 % Discount
- ❁ ဆေးသုတ်ခြင်း၊ ဖေါ်လစ်တင်ခြင်း၊ 10 % Discount
- ❁ သံပန်းလုပ်ငန်းများ(သံပန်း၊ သံတံခါး၊ ဆန်းရှိတ်) 10 % Discount
- ❁ နံရံကပ် Wall Paper 10 % Discount
- ❁ စတီးလ်လုပ်ငန်းများ 7 % Discount
- ❁ Modern Furniture(MDF, Ply,Chip,Teak) 5 % Discount

♣အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ
▶အခန်းဖွဲ့ခြင်း(ဂျပ်ဆင်ဘုတ်၊ အုတ်၊ T & G ၊ Thaiply) ▶လျှာထိုးခင်းခြင်း၊ ▶ ပါကေးခင်းခြင်း၊ ▶ ကြွေပြားကပ်ခြင်း၊ ▶ ရေသွယ်တန်းခြင်း၊ ▶ မှန်၊ Composite အလူမီနီယံများဖြင့်အလှဆင်ခြင်း၊ ▶ လျှပ်စစ်လုပ်ငန်းများ၊ ▶Rollershutter (လိပ်တံခါး)▶Architectural Design ရေးဆွဲပေးခြင်း၊
♣အိမ်အလှဆင်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးခြင်း
▶ပလတ်စတာကောနစ်၊ ▶ပလတ်စတာဘုတ်၊▶ဂျပ်ဆင်ဘုတ်၊▶ပလတ်စတာချည်မျှင်၊ ▶ပလတ်စတာအမှုန့်၊ ▶နံရံကပ်Wall Covering ▶အသင့်ခင်းလျှာထိုးပြား၊ ▶C-channel ▶Black Screw ၊ ▶L-Bar ၊▶တံခါး၊▶Door Lock ၊▶ပါကေးတိုး၊

လက်ဆောင်
31st August 2007 အတွင်း ရန်ကုန်စည်ပင်နယ်နိမိတ် မြို့နယ်များအတွက် သတ်မှတ်ထားသော Discount % အပြင် 10 % နှင့်ညီမျှသော ပလတ်စတာကောနစ် အခမဲ့ကပ်ပေးခြင်း[တိုက်ခန်းများအတွက်သာ] လက်ဆောင်ရှိပါမည်။

44A(1)၊ကျိုက်တော်အိမ်ရာ၊ ရန်ကုန်(ကုန်သွယ်မှုဗဟိုဌာန)အနောက်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ 01-201478, 299947, 294864, 298341,09-50-11443,09-50-10289,09-51-54853,09-51-55037

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၇၀ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်အမာတင်
မိတ္ထီလာမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၈၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် စက်တင်ဘာ ၁၃ရက်၊ (မြန်မာ သက္ကရာဇ်၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အကွက်အမှတ် (၁၂/သိန္ဒော်ကုန်း) ဦးပိုင်အမှတ် ၆၀၊ မြေကွက်အမှတ် ၈၁၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၉ ဧကရှိ မြေ၊ယင်းမြေပေါ်ရှိ (၂၄x၂၄)ပေရှိ နှစ်ထပ်တိုက်၊ (၁၂x၈x၉)ပေ မီးဖို၊ (၂၄x၁၈)ပေ နှစ်ထပ်တိုက်၊ (၈x ၈)ပေ ဂိုဒေါင် အဆောက်အအုံ။

လေလံကြမ်းခင်းဈေးကျပ်သိန်း ၁၉၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဇူလိုင် ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၂၂၂၅ Honda Drean ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်မြတ်သူ မှတ်ပုံတင်အမှတ် ၉/အမရ (နိုင်)၁၀၁၈၄၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

အမည်ပြောင်း

အဖ ဦးမျိုးညွှန့်၏သား အထက(၁) ရန်ကင်း နဝမတန်း (B)မှ မောင်ရဲရင့်အောင်ပြည့်ဖြိုးအား မောင်လင်းဝဏ္ဏအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်လင်းဝဏ္ဏအောင်။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၁၁၈ (အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးကျော်ညွှန့်
ဝမ်းတွင်းမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၁၁၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ၁ရက်၊ (မြန်မာ သက္ကရာဇ် ၁၃၆၉ခုနှစ် တော်သလင်းလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ ဇဂျမ်းကုန်းရပ်၊ ကွင်း(၁၅၇၉/ဇဂျမ်းကုန်းတောင်) ဦးပိုင်(၃)၊ မြေကွက်(၁၁/၄၃)၊ ဧရိယာ ၀ ဒသမ ၁၂ ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ကွန်ကရစ်ခင်းနှစ်ထပ်တွဲလျက် သွပ်အဖီ၊ စက်ရုံ၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း၊ စက်ပစ္စည်းများစသည့် အဆောက်အအုံပိုင်ဆိုင်ခွင့် အရပ်ရပ်။

လေလံကြမ်းခင်းဈေးကျပ် သိန်း ၁၀၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်း နိုင်သည်။

၂၀၀၇ခုနှစ် ဇူလိုင်၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်း ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၈ တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ ဓမ္မမေဒိနီစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ခုနစ်တိုက်နှင့် သီလရှင်စာသင်တိုက်တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

*** စပိန်နိုင်ငံ မက်ဒရစ်မြို့ တောင်ဘက်မိုင် ၁၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ ဩဂုတ် ၁၂ ရက်က ရစ်ချ်တာစကေး ၄ ဒသမ ၇ ရှိ ငလျင်လှုပ်သွားရာ မက်ဒရစ်မြို့မှ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း စပိန်အာဏာပိုင်များက ပြောကြားသည်။**

* နယူးဇီလန်နိုင်ငံတွင် ဩဂုတ် ၁၁ ရက်က ကျင်းပသော လိုကာနိုနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ဂျပန်ရုပ်ရှင်ဇာတ်ကား**“အီနိုယိုကန်”**က အကောင်းဆုံး ရုပ်ရှင်ဇာတ်ကားအဖြစ် ရွေးချယ်ခံခဲ့ရသည်။

**** အီဂျစ်နိုင်ငံ အစ်မေးလီရာမြို့အနီးတွင် ဩဂုတ် ၁၁ ရက်က မြေမြှုပ်မိုင်း တစ်လုံးပေါက်ကွဲရာ အီဂျစ်နိုင်ငံသား လူငယ်သုံးဦးသေဆုံးသွားကြောင်း သိရသည်။***

* တရုတ်နိုင်ငံ တောင်ပိုင်း ကွမ်တုန်ပြည်နယ်တွင် ဩဂုတ် ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဒေသခံပြည်သူ ၂၃၀၀၀ ခန့်အား ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်ပေးခဲ့ရကြောင်း၊ မီးရထားလမ်းများ ပျက်စီးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကွန်ပျူတာစနစ် ချွတ်ယွင်းမှုကြောင့် လေဆိပ်၌ သောင်တင်နေသော ခရီးသည်များကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**** အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩဂုတ် ၁၁ ရက်က ကွန်ပျူတာထိန်းချုပ်မှုစနစ် ရပ်ဆိုင်းသွားသဖြင့် ခရီးသည် ထောင်ပေါင်းများစွာ လေဆိပ်တွင် သောင်တင်နေခဲ့ကြပြီး လေယာဉ်ခရီးစဉ်များ ရပ်ဆိုင်းသွားခဲ့ကြောင်း လော့စ်အိန်ဂျလိစ်လေဆိပ်အရာရှိများက ပြောကြားသည်။***

* အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်းရှိ ကာရန်ဂီတန်မီးတောင်သည် ဩဂုတ် ၁၂ရက်က မီးခိုးများ မှုတ်ထုတ်လျက်ရှိပြီး မီးတောင်ပေါက်ကွဲရန် လှုပ်ရှားမှုများဖြစ်ပေါ်နေသဖြင့် အနီးဝန်းကျင်ရှိ ဒေသခံပြည်သူ ၅၀၀ ကျော်အား အရေးပေါ်ရွှေ့ပြောင်းပေးနေရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ ဂမ်ပွာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဘီးချော်သွားသော လေယာဉ်တစ်စင်းကို ဩဂုတ် ၁၂ ရက်က ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-အင်တာနက်)

*** တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့တောင်ဘက် ဂမ်ပွာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩဂုတ် ၁၂ ရက် နံနက် ၉ နာရီ ၃၇ မိနစ်ခန့်က လေယာဉ်တစ်စင်း လေဆိပ်သို့အဆင်းတွင် ဘီးချော်မှုဖြစ်ပွားရာ ခရီးသည်ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လေဆိပ်အရာရှိတစ်ဦးက ပြောကြားသည်။**

**** ကင်ညာနိုင်ငံ အနောက်ပိုင်းတွင် ဩဂုတ် ၁၁ ရက်က မြေပြိုမှုများဖြစ်ပွားရာ ၁၈ ဦး သေဆုံးပြီး ၅၆ ဦး ဒဏ်ရာရရှိသွားကြောင်း ကင်ညာ အရာရှိများက ပြောကြားသည်။ အခင်း ဖြစ်ပွားမှုမှာ ကာကာမီဂါခရိုင် ကူဗာဆာလီ ကျေးရွာ၌ ဩဂုတ် ၁၁ ရက် နံနက် ၄ နာရီက ကျေးရွာသားများ အိပ်မောကျနေစဉ် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။***

* ဟန်ဂေရီနိုင်ငံ ဘူကာဘာရာနီမြို့ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်းရှစ်သန်းခန့်က ရှင်သန်ဖြစ်ထွန်းခဲ့သော ရှေးဟောင်းသစ်တောတစ်ခုကို ဟန်ဂေရီသုတေသန ပညာရှင်အဖွဲ့ကရှာဖွေတွေ့ရှိခဲ့ကြသည်။ အဆိုပါ သစ်တောမှ ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်များမှာ အချင်း ၁၀ ပေရှိပြီး အမြင့်မှာ ၁၉ ပေခန့်ရှိကြောင်း သိရသည်။

ကိုးကား - အင်တာနက်သတင်းများ

ဟန်ဂေရီနိုင်ငံ ဘူကာဘာရာနီမြို့ အရှေ့မြောက်ပိုင်းတွင် လွန်ခဲ့သော နှစ်ပေါင်းရှစ်သန်းခန့်က ကျောက်ဖြစ်ရုပ်ကြွင်းသစ်ပင်များကို ဩဂုတ် ၁၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)